မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၀၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အလုပ်သမားနေ့သဝဏ်လွှာပေးပို့

နိုင်ငံ့အကျိုးစီးပွား ပျက်ပြားစေရန် အဖျက်အမှောင့်အုပ်စုများက နည်းမျိုးစုံဖြင့် နှောင့်ယှက်နေ တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို သပ်လျှိုဖြိုခွဲရန် မဟုတ်မမှန် လုပ်ကြံစွပ်စွဲလျက်ရှိ

သမိုင်းအစဉ်အလာကောင်းများနှင့်အညီ တိုင်းတစ်ပါး၏ သွေးခွဲသပ်လျှိုမှုကို ကြံ့ကြံ့ခံတွန်းလှန် စည်းလုံးညီညွတ်သော အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ဆက်လက်တည်ဆောက်

နေပြည်တော် မေ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော ၂၀၀၇ခုနှစ်၊ အလုပ်သမားနေ့ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ချစ်ကြည်လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား–

၂၀၀၇ခုနှစ် မေလ ၁ ရက်နေ့တွင်ကျရောက်သော အလုပ်သမားနေ့အခါသမယတွင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာကဏ္ဍမှ ကာယအား၊ ဉာဏအားတို့ဖြင့် ကြိုးပမ်းစွမ်းဆောင်ပေးလျက်ရှိသော မြန်မာတိုင်းရင်းသား အလုပ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြလျက် ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် ဤသဝဏ်လွှာကို ဂုဏ်ပြုပေးပို့အပ်ပါသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင် သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုဗိမာန်တော် ရေစက်ချမင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်း သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုဗိမာန်တော် အပေါ်ဆုံးထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ယနေ့နံနက် ၅ နာရီတွင် ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယသာသနာပိုင် ဝါဆိုဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်၊ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော်၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များဖြစ်ကြသော ဗဟန်း ညောင်တုန်းကျောင်းတိုက်ဆရာတော်၊ ပဲခူးမြို့ ကြခတ်ဝိုင်းဆရာတော်၊ ဗဟန်း အောင်မြေဘုံစံကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော်၊ ပုဇွန်တောင် မြသိန်းတန်ဆရာတော်၊ စစ်ကိုင်းတောင်ရိုး *စာမျက်နှာ ၈ ကော်လံ ၁* ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် ဆရာတော်ထံ လှူဖွယ်သကၠန်းကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

၂၀၀၇ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ခုနှစ်၊ မေလ ၁ ရက်)

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စက်မှုဇုန်များရရှိနေသည့် အရှိန်အဟုန်ကိုမြှင့်တင်

နိုင်ငံတော်အစိုးရ၏ အားပေးပံ့ပိုးကူညီမှုများ၊ စက်မှုဇုန်တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၏ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုများကြောင့် တည်ထောင်စက ပန်းပဲဖို အဆင့်သာရှိခဲ့သည့် စက်မှုဇုန်များသည် ယခုအခါ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧပြီလ ၂၇ ရက်နေ့က တောင်ကြီးမြို့နယ် အေးသာယာမြို့သစ်ရှိ အေးသာယာစက်မှုဇုန်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး-

"စက်မှုဇုန်များအနေဖြင့် ရရှိနေသည့် အရှိန်အဟုန်များကို ရပ်တန့်မသွားစေဘဲ ဆက်လက်တိုးတက်နေအောင် မိမိတို့ထုတ်လုပ်သောပစ္စည်းများ အရည်အသွေး အဆင့်အတန်းမီအောင် အမြဲတမ်းဆန်းစစ် သုတေသနပြု၍ လုပ်ကိုင်ဆောင်ရွက်သွားကြရန် လိုကြောင်း"

ဖြင့် မှာကြားခဲ့သည်။

နိုင်ငံတော်၏ အားပေးကူညီမှုများကြောင့် အေးသာယာစက်မှုဇုန်မှ ခေတ်မီသံရည်ကျို၊ ပုံလောင်း ပုံဖိစက်များကို တည်ဆောက်နိုင်ပြီဖြစ်သည်။ ထို့အပြင် သံရည်ကျိုစက်ရုံမှ အရည်အသွေး အဆင့်အတန်းမီသည့် စက်ပစ္စည်းအစိတ်အပိုင်း စုစုပေါင်း ၁၁၂ မျိုးအထိ ထုတ်လုပ်ပေးလျက်ရှိသည်။ သံထည်ပစ္စည်း ကိုင်တွယ်သည့် စက်မှုလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ ပုဂ္ဂလိက စက်မှုလုပ်ငန်းများသည်လည်း ဆက်စပ်တိုးတက်လာပြီ ဖြစ်သည်။

အေးသာယာစက်မှုဇုန်တွင် ကျွမ်းကျင်သည့်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များကို ပျိုးထောင်၍ ခေတ်မီသံရည်ကျိုစက်ရုံ ကုန်ထုတ်ပစ္စည်းများကိုလည်း အရည်အသွေး အဆင့်အတန်းမီစွာ လုပ်ကိုင်လျက်ရှိရာ ရှမ်းစတားဂျစ် အပါအဝင် မော်တော်ယာဉ်ငယ်များ၊ လိုက်ထရပ်ယာဉ်များ၊ ၁၀တန်အထက် မော်တော်ယာဉ်ကြီးများ၊ ကားအပိုပစ္စည်းအမျိုးမျိုး၊ အုတ်ဘလောက်စက်များ၊ ရေအားလျှပ်စစ်ထုတ်စက်များ၊ ဓာတ်မြေသြဇာမျိုးစုံနှင့် စားသောက်ကုန်အမျိုးမျိုးတို့ကို ထုတ်လုပ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ စက်မှုဇုန်များအနေဖြင့် ရရှိနေသည့် အရှိန်အဟုန်ကောင်းများကို မြှင့်တင်ရင်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုသိမ်မြို့ ပစ္ဆိမာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တခေမိန္ဒ ကြီးမှူးကျင်းပသော (၆) ကြိမ်မြောက် ယဉ်ကျေးမှု စာမေးပွဲ တတိယဆင့်၌ပထမဆုရ ရမ်းဗြဲ စာဖြေဌာနမှ ဒေါ်ဌေးဌေးမြင့်အား ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်သိန်းက အောင်လက်မှတ်နှင့် ဆုချီးမြှင့်စဉ်။ (က-ပ)

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသုတာလင်္ကာရအား ဂုဏ်ပြုပူဇော်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဇောတိကာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တသုတာလင်္ကာရအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ဒေ့ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇနိယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ဆက်လက်၍ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းနှင့် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌတို့က ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး တေးသံရှင် ရီရီသန့်က ရှစ်ဆယ်ပေါ်တေးထပ်ဖြင့် လည်းကောင်း၊ ရွှေမန်း ဦးခင်စိုး(အောင်လံ)က ဆရာတော်၏ထေရုပ္ပတ္တိကိုလည်းကောင်း၊ စမ်းချောင်းမြို့နယ် ဗားကရာတိုက် သီရိဝေလာ စာသင်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိသုတက အဂ္ဂဂုဏ်ရည်ဖွဲ့ ဂါထာဖြင့်လည်းကောင်း သီကျူးပူဇော်ကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဘဒ္ဒန္တဂုဏောသနထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်း င/က ရပ်ကွက် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း ဖြိုးစေတနာ ဆေးကုခန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

မည်သူမဆို အခမဲ့ လာရောက်ကုသနိုင်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ဒဂုံမြို့နယ် ပန်တျာအခွန်လွတ်ဈေး၊ ကမာရွတ်မြို့နယ် ဟံသာဝတီ အခွန်လွတ်ဈေး၊ တာမွေမြို့နယ် အခွန်လွတ်ဈေးနှင့် ရန်ကင်းမြို့နယ် အခွန်လွတ်ဈေးများအတွင်း တည်ခင်းရောင်းချနေသော မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း၊ ဆန်အရောင်းဆိုင်၊ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း စားအုန်းဆီ လက်လီအရောင်းဆိုင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးလီမိတက် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်အရောင်းဆိုင်၊ (ကပစ ၁)ဟင်းသီး၊ ဟင်းရွက် အရောင်းဆိုင်၊ ရွာသာကြီး ငါး၊ ပုစွန်အရောင်းဆိုင်၊ လေးထောင့်ကန် ငါး၊ ပုစွန်အရောင်းဆိုင်များက သန့်ရှင်းလတ်ဆတ်သော ရေချို၊ ရေငန် ငါးများ၊ သစ်သီးဝလံ ပန်းမန်များ၊ ဟင်းသီး၊ ဟင်းရွက်များ၊ ကုန်ခြောက်ပစ္စည်းများ၊ လူအသုံးအဆောင်ပစ္စည်းများ ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝယ်ယူသူများအား ရင်းနှီးစွာတွေ့ဆုံသည်။

ဖြိုးစေတနာဆေးကုခန်းဖွင့်

ထိုမှတစ်ဆင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်း တာဝန်ခံ) ဗိုလ်မှူးကြီးမောင်ပါသည် သဃ်န်းကျွန်းမြို့နယ် င/က ရပ်ကွက် စံချိန်သစ်လမ်းရှိ ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ဖွင့်လှစ်သည့် အခမဲ့ ဖြိုးစေတနာဆေးကုခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများက ဖြိုးစေတနာ အခမဲ့ ဆေးကုခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆေးခန်းသို့လာရောက် ဆေးကုသမှုခံယူနေမှုကို ကြည့်ရှုစစ်ဆေးအားပေး၍ ဆေးခန်းအတွက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ မိသားစုက အလှူငွေ ကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က လက်ခံသည်။

အခမဲ့လာရောက်ကုသနိုင်

အဆိုပါ ဖြိုးစေတနာ အခမဲ့ဆေးကုခန်းကို နေ့စဉ် ညနေ ၅ နာရီမှ ၈ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက် ကုသနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁-၅-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန် ဂီတသံ
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၄:၅၀	၇။	ပညာခေတ်
၅:၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၃၀	၁၂။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၆:၃၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၄၆)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မွေးမြူသုတ
	၁၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၂၄)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၅-၂၀၀၇ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	သစ္စာသိဖို့ အရေးကြီးပုံတရားတော် ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် (ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈:၀၀	ပွင့်ထွန်းတေဇာဘုန်းသမ္ဘာ ဝိဇ္ဇာတမင်္ဂလာ
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	Sunday Talk
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅	အစွမ်းထက်မြက် မြန်မာ့ရိုးရာ ဆေးကောင်းတစ်လက်
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	ကုန်သွယ်စီးပွားနိုင်ငံ့အား (ရည်မှန်းချက်ခိုင်ခိုင် UMFCCI)
၁၀:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၂၀	Music Gallery (ချိုပြုံး၊ ခင်ညွှန့်ရီ) (လရောင်ဝေးတဲ့ အချစ်ကလေးတွေ)
၁၀:၅၀	မိုးလေဝသခန့်မှန်းချက်
၁၀:၅၅	တန်ဖိုးမြင့်ထုတ်ကုန် သားရေစက်ရုံ
၁၁:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀	Yangon Panorama (ဆတ်သေချောင်း ဒဏ္ဍာရီ DVD အထူးပွဲပြသခြင်း အခမ်းအနား)
၁၁:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၅၀	ကျော်ကြားထုတ်ကုန် စက်မှုဇုန်
၁၂:၁၀	တေးဂီတအစီအစဉ်
၁၂:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၂၀	သံချည်သံကြွေးအတတ်ပညာ (အပိုင်း-၁)
၁၂:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀	တီကောင်စွန့်ပစ်သြဂဲနစ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂:၃၀	Liverpool-Chelsea	5- Sports (Live)

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချောမောစွာ အကောင်အထည်ပေါ် ဖြစ်ထွန်းရေး အလုပ်သမားထုကြီးက အခြားသော အမျိုးသားရေးစွမ်းအားစုများနှင့် လက်တွဲကြိုးပမ်း

❒ **ရှေ့ဖုံးမှ**

ယနေ့ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မှန်ကန်သောဦးဆောင်မှုဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖြစ်ထွန်းရေးအတွက် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပါသည်။

ထင်ရှား တွေ့မြင်နေရ

နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် မူဝါဒများ မှန်ကန်မှု၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူများ တက်ညီလက်ညီ လက်တွဲဆောင်ရွက်မှု၊ အလုပ်သမားကြီးများ၊ တောင်သူလယ်သမားကြီးများ၏ မိမိတို့သက်ဆိုင်ရာကဏ္ဍမှ ကုန်ထုတ်လုပ်မှုတိုးတက်အောင် အားထုတ်ကြိုးပမ်းမှုတို့ကြောင့် နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများလည်း အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းလျက်ရှိသည်ကို ထင်ရှားတွေ့မြင်နေရပြီ ဖြစ်ပါသည်။

ခံစားနိုင်ကြပြီ

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိလာသည့်အလျောက် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာမှုနှင့် ဝင်ငွေတိုးပွားလာမှုများ မလွဲမသွေ ရရှိခံစားလာရသည့်အပြင် အလုပ်ခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်သာယာရေး အပါအဝင် အလုပ်သမားများ၏ ရပိုင်ခွင့်များ တိုးတက်ရရှိခြင်းစသည့် အကျိုးရလဒ်ကောင်းများကိုလည်း အလုပ်သမားကြီးများ ခံစားနိုင်ကြပြီ ဖြစ်ပါသည်။

ထိုက်တန်စွာ ရရှိနိုင်

နိုင်ငံနှင့်အဝန်း ခေတ်မီစက်ရုံ၊ အလုပ်ရုံများ၊ စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို နိုင်ငံတော်ပိုင်ရော တိုင်းရင်းသားပုဂ္ဂလိကပိုင်းကပါ တိုးချဲ့ထူထောင် လုပ်ကိုင်လျက်ရှိပါသည်။ ပုဂ္ဂလိကပိုင်းက ခေတ်မီစက်ရုံ၊အလုပ်ရုံများ တည်ထောင်လုပ်ကိုင်နိုင်အောင် နိုင်ငံတော်အစိုးရက အားပေးကူညီ စီမံပံ့ပိုးပေးလျက်လည်း ရှိပါသည်။ သို့ဖြစ်၍ အလုပ်သမားကြီးများကိုယ်တိုင် ခေတ်မီကုန်ထုတ်စက်ကိရိယာများ၊ အီလက်ထရွန်နစ် ပစ္စည်းကိရိယာများကို ကိုင်တွယ်သုံးစွဲကြလျက် နိုင်ငံတကာအဆင့်မီ ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ပြီဖြစ်ပါသည်။ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍လည်း ခေတ်မီစက်ရုံ၊ အလုပ်ရုံများ တည်ထောင်ထုတ်လုပ်ခွင့် ပြုလျက်ရှိရာ အလုပ်သမားကြီးများအတွက် ကျွမ်းကျင်မှုအလိုက် လုပ်ခလစာနှင့် အခွင့်အရေးများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ထိုက်တန်စွာ ရရှိနိုင်ကြပြီ ဖြစ်ပါသည်။

အမျိုးသားရေးစွမ်းအားစုကြီး

ယခုကဲ့သို့ နိုင်ငံတော်အစိုးရနှင့် အလုပ်သမားကြီးများအပါအဝင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ကြည်ဖြူစွာလက်တွဲ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောလျက် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော မင်္ဂလာအခါသမယတွင် အလုပ်သမားထုကြီးအနေဖြင့် စုစည်းညီညွတ်သည့် အမျိုးသားရေးစွမ်းအားစုကြီးတစ်ရပ်အဖြစ် ခိုင်မာစွာရပ်တည်ပြီး တိုင်းကျိုးပြည်ဆောင် အမျိုးသားရေး ကြိုးပမ်းအားထုတ်မှုများတွင် တစ်မျိုးသားလုံးနှင့် တပေါင်းတစည်းတည်း ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

ယနေ့အချိန်အခါတွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့က ယင်းတို့၏သြဇာခံ မသမာသူ အဖျက်အုပ်စုများအား အလုပ်သမားအရေးခြုံစေ၍ အမည်ခံအဖွဲ့အစည်းများ ဖွဲ့စည်းလျက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် ဝင်ရောက်စွက်ဖက် လှုပ်ရှားနေမှုများရှိနေသည်ကို တွေ့ကြရမည်ဖြစ်ပါသည်။

နည်းလမ်းမျိုးစုံ နှောင့်ယှက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းမှုများ နှောင့်နှေးစေရန်၊ နိုင်ငံတော်၏ အကျိုးစီးပွား ဆုတ်ယုတ်ပျက်ပြားစေရန် ယင်းအဖျက်အမှောင့်အုပ်စုများက နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်လုပ်ဆောင်နေကြသဖြင့် မွန်မြတ်သန့်စင်သော မြန်မာအလုပ်သမားကြီးများ၏ ဂုဏ်ဒြပ်ကို ညှိုးနွမ်းစေသည့်အပြင် အလုပ်လက်လွတ်ဆုံးရှုံးမှုများ၊ အလုပ်အကိုင်အခွင့်အလမ်း ပျက်ပြားမှုများ၊ စီးပွားရေး၊ လူမှုရေး နစ်နာဆုံးရှုံးမှုဆိုးကျိုးများကို ဖြစ်ပေါ်စေလျက် ရှိပါသည်။

ထို့အပြင် အလုပ်သမားကြီးများအပါအဝင် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို သပ်လျှိုဖြိုခွဲရန် မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်များဖြင့် အစီအစဉ်ရှိရှိ ဖန်တီးလုပ်ဆောင်လျက်လည်း ရှိပါသည်။

မြန်မာအလုပ်သမားထုကြီးအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်ခဲ့ရစဉ်ကာလက ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ခြယ်မှု၊ လုပ်အားခေါင်းပုံဖြတ်မှု၊ စနစ်တကျ သွေးခွဲသပ်လျှိုမှု၊ စီးပွားရေးအရ သွေးစုပ်ခြယ်လှယ်မှုတို့ကို ခါးစည်းခံကြရင်း အလုပ်သမား၊ လယ်သမားများနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုကို ခိုင်မာစွာ တည်ဆောက်ကာ မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သည့် ကောင်းမြတ်သည့် သမိုင်းအစဉ်အလာ ရှိထားပြီးဖြစ်ပါသည်။

ကြံ့ကြံ့ခံ တွန်းလှန်

သို့ဖြစ်၍ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးအတွက် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည့် **အစဉ်အလာကောင်းများ၊ အလုပ်သမား၊ လယ်သမား၊ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ထိန်းသိမ်း စောင့်ရှောက်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းများနှင့်အညီ အလုပ်သမားကြီးများအနေဖြင့် တိုင်းတစ်ပါး၏ စွက်ဖက်နှောင့်ယှက်မှု၊ သွေးခွဲသပ်လျှိုမှုတို့ကို ကြံ့ကြံ့ခံ တွန်းလှန်သွားကြရန် တိုက်တွန်းလိုပါသည်။**

အကြိမ်ကြိမ် မှတ်ကျောက်တင်နိုင်

ထို့အပြင် သမိုင်းဖြစ်စဉ်အဆင့်ဆင့်တွင် အကြိမ်ကြိမ် မှတ်ကျောက်တင်ခံနိုင်ခဲ့သည့် မြန်မာအလုပ်သမားထုကြီး၏ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ သူ့ကျွန်မခံသည့် စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပိုမိုတိုးပွားခိုင်မာစေလျက် စည်းလုံးညီညွတ်သော အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ဆက်လက်ရပ်တည်သွားကြရန်လည်း တစ်ဆက်တည်း တိုက်တွန်းလိုပါသည်။

ချစ်ကြည်လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား–

ယနေ့အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အလုပ်သမားအခွင့်အရေးများနှင့်တကွ လူ့အခွင့်အရေးများ ခိုင်ခိုင်မာမာ ဖြစ်ထွန်းစေရေးအတွက် လည်းကောင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဟူသော လောကပါလတရားများကို အခြေခံသော ညီညွတ်မျှတသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာစေရေးအတွက် လည်းကောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒကို ကမ္ဘာတည်သရွေ့ ထိန်းသိမ်းမြှင့်တင်ပေးနိုင်စေရေးအတွက် လည်းကောင်း မြဲမြံခိုင်မာသည့် အခြေခံကောင်းများကို တည်ဆောက်ပေးမည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

အခွင့်အရေးများ ရရှိထား

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးနှင့် အရေးကြီးဆုံးအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ အလုပ်သမားထုကြီး၏ ကိုယ်စားလှယ်များသည်လည်း အစုအဖွဲ့တစ်ရပ်အဖြစ် ပါဝင်တက်ရောက် ဆွေးနွေးဆုံးဖြတ်နိုင်သည့် အခွင့်အရေးများ ရရှိထားပြီး ဖြစ်ပါသည်။

လက်တွဲ ကြိုးပမ်းဆောင်ရွက်

သို့ဖြစ်၍ **အလုပ်သမားထုကြီးကလည်း အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းရေးအတွက် အမျိုးသားညီလာခံကြီး အောင်မြင်ရေးမှအစပြု၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချောမောစွာ အကောင်အထည်ပေါ်ဖြစ်ထွန်းရေး အမျိုးသားရေးလှုပ်ရှားမှုကြီးတွင် အခြားသော အမျိုးသားရေး စွမ်းအားစုများနှင့် ညီညွတ်စွာ လက်တွဲကြိုးပမ်းဆောင်ရွက်** သွားကြရန် လိုအပ်ပါသည်။

ယနေ့အချိန်အခါကဲ့သို့ ခေတ်ပြောင်း၊ စနစ်ပြောင်းကာလတွင် ကာယ၊ ဉာဏ အလုပ်သမားကြီးများက အမျိုးသားရေးသန္နိဋ္ဌာန် ခိုင်မာစွာဖြင့်–

- **နိုင်ငံတော်၏ စက်မှုကဏ္ဍ ကြီးထွားဖွံ့ဖြိုးပြီး ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးများ တိုးတက်သည်ထက် တိုးတက်၍အမျိုးသားစီးပွားရေးဘဝ မြင့်မားလာရေးအတွက် လည်းကောင်း၊**
- **ကိုလိုနီနယ်ချဲ့ လက်သစ်များနှင့် ယင်းတို့၏ သြဇာခံများ၏ သွေးခွဲသပ်လျှို နှောင့်ယှက်မှုများကို တွန်းလှန်ကာကွယ်ရေးအတွက် လည်းကောင်း၊**
- **ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန် ချမှတ်အကောင်အထည်ဖော်လျက်ရှိသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်းကောင်း။**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ ရှေ့တန်းမှ ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိလာသည့်အလျောက် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာမှုနှင့် ဝင်ငွေတိုးပွားလာမှုများ မလွဲမသွေ ရရှိခံစားလာရသည့်အပြင် အလုပ်ခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်သာယာရေးအပါအဝင် အလုပ်သမားများ၏ ရပိုင်ခွင့်များ တိုးတက်ရရှိခြင်း စသည့် အကျိုးရလဒ်ကောင်းများကိုလည်း အလုပ်သမားကြီးများ ခံစားနိုင်ကြပြီ။

သွန်းမြဲညောင်ရေ ကဆုန်နွေ

သာရဝေါ စိုးကြည်

ကဆုန်လသည် အပူဓာတ်လွန်ကဲသောလဖြစ်သည်။ မြစ်ချောင်းအင်းအိုင်များ ရေခန်းခြောက်ချိန်ဖြစ်သည်။ သို့ရာတွင် လကုန်ပိုင်းတွင် မုတ်သုံလေဆော်သွေး၍ မုတ်သုံမိုး တစ်ပြိုက်၊နှစ်ပြိုက် ရွာသွန်းတတ်သည်။ မိုးရေစွတ်စိုသော မြေပြင်သည် တစ်မူထူးခြားသော မြေသင်းနံ့သင်းပျံ့ပျံ့ကို ရှူရှိုက်ရသော လဖြစ်သည်။ ရှေးမြန်မာများက ကဆုန်အတွင်း မြေသင်းပျံ့ပျံ့မိုးနံ့နံ့ဟု ဆိုရိုးပြုခဲ့ကြသည်။

ကဆုန်လကို မြန်မာစာမြန်မာမှုအရ ပြိဿရာသီခေါ်၍ ထိုလတွင် စန်းပြည့်နက္ခတ်မှာ ဝိသာခါနက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ တံငါတာရာဖြစ်သည်။ ရာသီရုပ်မှာ နွားထီးရုပ်ဖြစ်သည်။ ရာသီပန်းကား စံကားပန်းဖြစ်၍ ရာသီပွဲတော်ကား ညောင်ရေသွန်းပွဲတော်ဖြစ်သည်။

ကဆုန်လတွင် ရှေးခေတ်သုံး မြန်မာနာရီနေ့(၃၂)နာရီရှိကာ ညဉ့်(၂၈)နာရီရှိသောလဖြစ်၍ နေ့တာရှည်သည်။ ထိုလတွင် ရှေးမြန်မာတို့စံတော်ချိန်သတ်မှတ်ချက်အရ နေမွန်းတည့်နှစ်ဖဝါးရှိပါသည်။

ယောမြို့စားအတွင်းဝန် ဦးဘိုးလှိုင်၏ "ဥတုဘောဇနသင်္ဂဟကျမ်း"၌ ကဆုန်လတွင် လောကသည်အလွန်ပူ၏။ အနောက်တောင်ထောင့်က လေပူတိုက်၏။ ရေကန်၊ ရေအိုင်တို့၌ ရေသောက်သော သားငှက်တို့ဖြင့် ပြွမ်းကုန်၏။ အစပ်၊ အချဉ်၊ အငန်၊ အပင်ပန်းခံခြင်း၊ မေထုန်မှီဝဲခြင်း၊ အဆီအစေးမရှိသော ပူသောအစာတို့ကို ကြဉ်ရှောင်အပ်ကုန်၏။

ချိုဆိမ့်သောအရသာ၊ အေးသောဖျော်ရည်၊ သကြားနှင့် လုပ်သော ပေါက်ပေါက်ဆုပ်၊ ကရေကရာစသောမုန့်၊ ကြည်းကုန်း၌ ကျက်စားသော သားငှက်တို့၏ အသား၊ ထောပတ်၊ နွားနို့၊ ရေတံခွန်မှ ထွက်သော ရေအေး၊ ကြစုသီးနှင့် ကြံသကာတို့ကို မှီဝဲသုံးဆောင်အပ်ကုန်၏ဟု ရေးသားခဲ့ပါသည်။

ဗုဒ္ဓဘာသာမြန်မာတို့သည် ကဆုန်လပြည့်နေ့ကို ထူးမြတ်သောနေ့အဖြစ် သတ်မှတ်ကြသည်။ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန် ဆိုသည်နှင့်အညီ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဝင်ဆိုင်ရာ ထူးခြားသော သမိုင်းမှတ်တိုင်များရှိခဲ့သည်။

(၁) ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု နိယတဗျာဒိတ်တော်ခံယူရရှိသည့်နေ့သည် ကဆုန်လပြည့်နေ့ဖြစ်သည်။

(၂) မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့ သောကြာနေ့ နံနက်တစ်ချက်တီးအချိန် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်၍ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်အကြား လုမ္ဗိနီသာမော အင်ကြင်းတောဝယ် သုဒ္ဓေါဒနမင်းကြီး၏ ရှုမငြီးသောကြင်ရာတော် မယ်တော်မာယာ၏ ဝမ်းကြာတိုက်မှ ဘုရားလောင်းကို မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။

(၃) ဘုရားလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့်နေ့တွင် သစ္စာလေးပါးကို သိမြင်တော်မူပြီး ဘုရားအဖြစ်သို့ ရောက်ရှိခဲ့သည်။

(၄) ကာဠုဒါယီ၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဍာ၊ ဗုဒ္ဓဟေ ဆိုသည်နှင့်အညီ ဖွားဖက်တော်ခုနစ်ပါးတွင် ပါဝင်သော ညောင်ဗုဒ္ဓဟေ(ဗောဓိပင်)သည်လည်း ကဆုန်လပြည့်နေ့တွင် ပေါက်ရောက်ခဲ့သည်။

(၅) မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့၌ ဝါတော် ၄၅ ဝါ၊ သက်တော် ၈၀၌ ဘုရားရှင်သည် နယ်မာလာတိုင်း၊ ကုသိနာရုံပြည်ရှိ အင်ကြင်းတောဝယ် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။

မြတ်ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူမည့်နေ့ နံနက်ပိုင်းတွင် သုဇာတာသူဌေးသမီးက ဃနာနို့ဆွမ်းဆက်ကပ်ခဲ့သည်မှာ သေနနိဂုံးရွာအနီးရှိ ညောင်ပင်ရင်းတွင်ဖြစ်သည်။ ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှာလည်း ဗောဓိညောင်ပင်ရင်းတွင်ပင် ဖြစ်သည်။

သို့အတွက် မြတ်ဗုဒ္ဓနှင့်ပတ်သက်နေသော ဗောဓိညောင်ပင်သည် ဗုဒ္ဓဘာသာဝင် မြန်မာများအဖို့ အလေးအနက်ကြည်ညိုလေးစားဖွယ်ရာ ဖြစ်လာသည်။ သာသနာတော်ကို ရိုသေလေးစားသော မြန်မာတို့သည် ရာသီဥတုအရလည်း ဆီလျော်သော ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော် ကျင်းပကြသည်ဟု ယူဆရပါသည်။

ပုဂံခေတ်ထိုး စောလုဝန်းဘုရား ကျောက်စာတွင် မီဖုန်၊ သကြ်န်၊ ညောင်ရိယ်သွန်(ညောင်ရေသွန်း)စသည့် ဝေါဟာရများ တွေ့ရှိသဖြင့် ဗုဒ္ဓသာသနာတော် ထွန်းကားနေပြီး လူမှုစီးပွားရေးဖွံ့ဖြိုးစည်ပင်နေသော ပုဂံခေတ်တွင် ညောင်ရေသွန်းပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဟု ယူဆရပါသည်။

မြန်မာသက္ကရာဇ် ၁၁၆၈ခုနှစ်၌ ဘိုးတော်ဘုရားသည် ပိဋကတ်တော်သာမက လောကီကျမ်းများကို ကူးယူရန်နှင့် မဟာဗောဓိပင်ကို ဖူးမြော်ရန် ရွှေတောင်သာဂသူ၊ ရွှေတောင်သီရိစည်သူ စသည့် အမတ်ကြီးများကို အိန္ဒိယနိုင်ငံသို့ စေလွှတ်ခဲ့သည်။

ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီးတွင် မဟာဗောဓိပင် ခက်မကြီးတို့မှ ဖြာထွက်သော ခက်လက်ပေါင်း ၁၃၆ခုရှိသည်။ ထွာဆိုင်၊ ညိုဆိုင်အောက်ငယ်သော ဗောဓိပင် ခက်လက်ငယ်တို့သည်ကား မရေမတွက်နိုင်အောင် များပြားသည်။

မဟာဗောဓိပင်တော်၏ အရပ်မှာ ပကတိမြေမှ ခက်မကြီးခြောက်ခု ဖြာသည့်တိုင်အောင် အတောင် (၆၀)ကျော်သည်ဖြစ်၍ ဗောဓိညောင်တော် တစ်ပင်လုံး ရင်းဖျားဆုံးအောင် အတောင်(၉၀)ခန့် အမြင့်ရှိသည်ဟု မှတ်တမ်းတင်ခဲ့သည်။

ရှေးမြန်မာမင်းများလက်ထက်တွင် ဗောဓိပင် စိုက်ပျိုးခဲ့ကြသည်။ လွတ်လပ်ရေးရရှိသော ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်လည်း အိန္ဒိယပြည်ရှိ မဟာဗောဓိပင်အကိုင်းကို ယူဆောင်၍ ရွှေတိဂုံဘုရားရင်ပြင်တော် အနောက်မြောက်ထောင့်၊ အနောက်ဘက်အုတ်တံတိုင်းနှင့် မြောက်ဘက်အုတ်တံတိုင်းတို့ ဆုံရာအနီး၌ စိုက်ပျိုးခဲ့သည်။ ထို့ပြင် ကိုလိုနီခေတ်အခါက ၁၉၀၅ခုနှစ်ခန့်တွင် ရွှေတိဂုံဘုရားဘဏ္ဍာတော်ထိန်းအဖွဲ့က စိုက်ပျိုးခဲ့သော ဗောဓိပင်လည်းရှိခဲ့သည်။ ဗုဒ္ဓဂါယာအရပ်ရှိ ဗောဓိပင်အစေ့ကိုယူ၍ စိုက်ပျိုးခဲ့သော ဗောဓိပင်လည်းရှိခဲ့သည်။ ဗောဓိညောင်ပင်ရှိခြင်းသည် မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိခြင်းနှင့် တူညီသည်ဟူသော ယုံကြည်ချက်ဖြင့် ဗောဓိပင်ကို အလေးအမြတ်ပြုကြခြင်း ဖြစ်သည်။

ပင်းယခေတ်တွင် ပေါ်ထွန်းခဲ့သော ပြည်မင်း မျက်နှာရှည် ကာချင်းတွင်–

"စံကားဝတ်စုံမြေ၊ သွန်းညောင်ရေ၊ ထုံးလေတန်စကူး၊ နွေလဆန်းဆန်းလေဦး၊ ဝတ်ဆံရွှေသား၊ စံကားပွင့်လှဦး"ဟု ရေးစပ်ခဲ့ပါသည်။

ထိုကာချင်းက ခေတ်တစ်ခေတ်၏ဘာသာ ယဉ်ကျေးမှုသမိုင်းတစ်ကွက်ကို ထင်ဟပ်ပြနေပါသည်။ ပင်းယခေတ်တွင်လည်း ကဆုန်ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း ဖော်ညွှန်းနေပါသည်။

ကဆုန်ညောင်ရေသွန်းပွဲတော်ကို ရှေးမြန်မာမင်းများ လက်ထက်မှစ၍ ယနေ့တိုင် ကျင်းပနေဆဲ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

အမှာစကားပြောကြား

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာ အသင်း၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် မိသားစု ညစာစားပွဲကို မေ ၇ရက်က ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီး ရေကြောင်းသိပ္ပံကျောင်းရှေ့ရှိ Lion City Restaurant၌ ကျင်းပရာ နာယက ဦးမောင်မောင်လေးက အဖွင့်အမှာစကား ပြောကြားစဉ်။ (က-ပ)

၂၀၀၇ခုနှစ် မိုးဦးကာလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ရန်ကုန် မေ ၃၀

၁။ ၂၀၀၇ခုနှစ် မိုးဦးကာလ သတ်မှတ်ခြင်း

၂၀၀၇ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ၂၀၀၇ခုနှစ် ဇွန်လကုန်အထိ ဖြစ်ပါသည်။

၂။ ၂၀၀၇ခုနှစ် မုတ်သုံလေဝင်ရောက်ခြင်း အခြေအနေ ခန့်မှန်းချက် အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံ အရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာ ရှိပါသည်။

(က) မေလ ဒုတိယ(၁၀)ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ

(ခ) မေလ တတိယ(၁၀)ရက်ပတ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ

(ဂ) ဇွန်လ ပထမ(၁၀)ရက်ပတ်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ

၃။ ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်း နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမို အားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိလာနိုင်ပါသည်။

၄။ မိုးရွာသွန်းမှု အခြေအနေ ခန့်မှန်းချက်

ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမြဲထက်ပိုကာ ချင်းပြည်နယ်၊ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် ရွာသွန်းမြဲအောက်လျော့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ရွာသွန်းမြဲခန့် ရွာနိုင်ပါသည်။

အနောက်တောင် မုတ်သုံလေ စတင်ဝင်ရောက်ချိန်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း၊ မိုးသည်းထန်ခြင်းနှင့် ခေတ္တမျှ လေပြင်းတိုက်ခတ်ခြင်းများ နေ့စဉ်လိုလိုပင် ဖြစ်ပေါ်တတ်ပါသည်။ မုတ်သုံလေ ဝင်ရောက်ပြီး တစ်ပတ်ခန့်အကြာတွင် မိုးထစ်ချုန်းရွာခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ လျော့နည်းသွားတတ်ပါသည်။

၅။ မြစ်ရေ အခြေအနေ ခန့်မှန်းချက်

ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ရွှေကျင်မြစ်နှင့် ပဲခူးမြစ်တစ်လျှောက်ရှိ မြို့များတွင် မြစ်ရေများသည် လက်ရှိ ရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ် ရေမှတ် အသီးသီးသို့ ရောက်ရှိနိုင်ဖွယ်မရှိပါ။

(သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်း ဒေါပုံမြို့နယ်ပုသိမ်မြေရပ်ကွက်၌ဖွင့်

ရန်ကုန် မေ ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် ပုသိမ်မြေရပ်ကွက်တွင် အရှည်ပေ ၆၅၀၊ အကျယ် ၁၂ပေဖြင့် ကုန်ကျငွေ ၄၃သိန်း ငါးသောင်းကျော် ကုန်ကျသည့် ၁၁/၁၂ လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းဖွင့်ပွဲကို အဆိုပါလမ်းမုခ်ဦးထိပ်၌ မေ ၂၄ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

မြို့ရွာတစ်ခွင်

သာစေချင်

မီးတွင်မပေါ့နှင့်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကြီးမှူး
သက်ကြီးပူဇော်ပွဲ အခမ်းအနားကျင်းပ

မုံရွာ ဧပြီ ၂၅

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့) နံနက် ၈ နာရီက မုံရွာမြို့ မဟာသာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး နှင့်ဇနီး ဒေါ်ဝေဝေခိုင်၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်အုန်းနှင့် ဇနီး ဒေါ်အေးအေး၊ တပ်မတော်အရာရှိကြီး များ၊ တိုင်းအတွင်းရေးမှူး ဦးဝင်းကြည် နှင့် ဇနီး၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သက်ကြီး အဘိုးအဘွားများ၊ အလှူရှင်များ၊ မြို့မိ မြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင် များ တက်ရောက် ကြသည်။

ရည်ရွယ်ချက်ရှင်းလင်း

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်(၁) ရဲမှူးကြီး မြင့်ဝေက သက်ကြီးပူဇော်ပွဲ ကျင်းပရ ခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင် ပြသည်။

ဆုတောင်းမေတ္တာပို့သ

ဆက်လက်ပြီး တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင် အမှူး ပြုသော တာဝန်ရှိသူများက အဘိုး အဘွားများအား ပူဇော်ကန်တော့ကြရာ အဘိုးအဘွားများကိုယ်စား မုံရွာဘိုးဘွား ရိပ်သာမှ အသက် (၉၂)နှစ် အဘိုး ဦးအေးမောင်က ဆုတောင်းမေတ္တာ ပို့သပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် သာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်တို့က အဘိုးအဘွားများအား လှူဖွယ်ပစ္စည်း များနှင့် တိုင်းရင်းဆေးဝါးများဖြင့် ပူဇော်ကန်တော့သည်။ **(ယာပုံ)** ဆက် လက်ပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင်မောင်အုန်းနှင့် ဇနီး ဒေါ်အေးအေး တို့က အဘိုးအဘွားများအား လှူဖွယ် ပစ္စည်းများနှင့် တိုင်းရင်းဆေးဝါးများ ဖြင့် လည်းကောင်း၊ တိုင်းအတွင်း ရေးမှူး ဦးဝင်းကြည် အမှူးပြုသော တိုင်းအဆင့်ဌာနဆိုင်ရာများနှင့်အလှူရှင် မြို့မိမြို့ဖများက အဘိုး ၁၇ဦး၊ အဘွား ၆၂ ဦး စုစုပေါင်း ၇၉ဦးတို့အား လှူဖွယ် ပစ္စည်းများနှင့် တိုင်းရင်းဆေးဝါးများ ထောက်ပံ့လှူဒါန်းပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာအိုက်ကီဒို နှီးနှောဖလှယ်ပွဲကျင်းပ
ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလေ့ကျင့်

ရန်ကုန် ဧပြီ ၃၀

နိုင်ငံတကာ အိုက်ကီဒို နှီးနှော ဖလှယ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီ က ဒုတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်း၊ မိုးလုံလေလုံ အားကစား ပြိုင်ပွဲရုံ၌ကျင်းပရာ အိုက်ကီဒိုအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါ အိုက်ကီဒိုနှီးနှောဖလှယ်ပွဲ သို့ မြန်မာ၊ ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် လာအိုနိုင်ငံများမှ အိုက်ကီဒိုအားကစား သမား၇၅ ဦးတို့က ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းလေ့ကျင့်ကြသည်။

ယင်းနိုင်ငံတကာ အိုက်ကီဒိုနှီးနှော ဖလှယ်ပွဲသို့ ဂျပန်နိုင်ငံမှ နည်းပြဆရာ Mr. M. Fukakusa Shihan 7th Dan က ဦးဆောင်၍ ပူးပေါင်းလေ့ကျင့်ကြရာ တစ်ဦးချင်းနှင့်အဖွဲ့လိုက်စွမ်းရည်ပြ ပူးပေါင်းဖလှယ် လေ့ကျင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)
ပထမအကြိမ် သက်ကြီးပူဇော်

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)ရန်ကုန်တိုင်း၏ ပထမ အကြိမ် သဘင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်း အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးစိန်မာဒင်က ရန်ကုန်တိုင်း ပထမအကြိမ် သဘင်သက်ကြီးပူဇော်ပွဲ ကျင်းပ ရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးရဲဒွေးက ကန်တော့ခံ သက်ကြီးပညာရှင်များ ရွေးချယ်သတ်မှတ်မှုနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်း တင်ပြသည်။

ပူဇော်ကန်တော့

ထို့နောက် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) အမှုဆောင်အဖွဲ့ဝင်များက ကန်တော့ခံ သက်ကြီး သဘင်ပညာရှင်များအား ကန်တော့ခံ ပစ္စည်းများပေးအပ်၍ ပူဇော်ကန်တော့ကြပြီး **(အပေါ်ပုံ)** ကန်တော့ခံ သက်ကြီးပညာရှင် တစ်ဦးက ဩဝါဒစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ရိပ်သာဆောက်လုပ်ရေးအတွက် သဃ်္ဃန်းကျွန်း မြို့နယ်နေ မိဘများဖြစ်သော ဦးဖေစိန်၊ ဒေါ်လေးကြည်ကိုယ်စား ဒေါ်စန်း စန်းရီက အလှူငွေကျပ်နှစ်သိန်းလှူဒါန်းရာ တရားဟောဓမ္မကထိက ဆရာဦးသိန်း ဆွေ(ဓနုဖြူ)နှင့် ဘဏ္ဍာရေးမှူး ဦးမျိုးမြင့်တို့က လက်ခံယူစဉ်။ (က-ပ)

မျိုးဆက်ပွား ကျန်းမာရေးသင်တန်း ကော့သောင်း၌ဖွင့်

ကော့သောင်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ပို့ချရွယ်သူများ မျိုးဆက်ပွား ကျန်းမာရေးသင်တန်းကို ဧပြီ၁၉ ရက် နံနက် ၈နာရီက အထွာဝါ မူလတန်းကျောင်း၌ ကျင်းပရာ မိခင် နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်လှလှဝင်းက သင်တန်းဖွင့် လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး သားဖွားမီးယပ်အထူးကု ဒေါက်တာနေလမင်းက မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ များ ဟောပြောသည်။ အဆိုပါ သင်တန်းကို ရွှေဇင်ယော်၊ ရွှေပြည်သာ၊ မလိဝမ်း၊ ဘန်းကချွန်ကျေးရွာများတွင် လည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရ သည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အလင်း
ပြည်တွင်းသတင်း အတိုအထွာ

စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး တောင်သာမြို့နယ်၌ဆွေးနွေး

မန္တလေးတိုင်း မြင်းခြံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်သည် တောင်သာမြို့နယ် ဒုတိယဦးစီးမှူး ဦးနေဝင်း၊ ဝန်ထမ်းများနှင့်အတူ ဧပြီ ၃ ရက်က ကျောက္ကာရွာ၊ ဝဲလောင်ကျေးရွာ၊ ကျောက် တလုံးကျေးရွာ၊ ရေကျော်ကျေးရွာ၊ မြင်းတဲကျေးရွာ၊ နယ်ကူးကျေးရွာ၊ ဧပြီ ၄ ရက်က တောင်သာမြို့နယ် အမှတ်(၄)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်မြေဖြူကုန်း ကျေးရွာများသို့ သွားရောက်ကာ စာကြည့်တိုက်ကော်မတီများနှင့်တွေ့ဆုံ၍ အဆောက်အအုံရရှိရေး၊ ပရိဘောဂရရှိရေး၊ ငွေပဒေသာပင်ရရှိရေးနှင့် စာကြည့်တိုက် ထိန်းသိမ်းမှုစနစ်များကို ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက် ကော်မတီများက မိမိတို့ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေကို တင်ပြဆွေးနွေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စုပေါင်း ဒုလ္လဘရဟန်းခံပွဲကျင်းပ

စဥ့်ကိုင်မြို့နယ် စွန်ရဲအုပ်စု သာသနမာမကကျောင်းတိုက် ဒုတိယ အကြိမ် စုပေါင်းဒုလ္လဘ ရဟန်းခံပွဲကို ဧပြီ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်နှင့် ဇနီး ဒေါ်ခင်မေမြတ်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးပွနှင့်အဖွဲ့ဝင် များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များက သာသနမာမကကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ကဝိန္ဒ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့်လှူဖွယ် ဝတ္ထု များ ဆက်ကပ်လှူဒါန်းကြပြီး ပဓာန နာယကဆရာတော်က ရေစက်ချ တရားတော် ဟောကြားချီးမြှင့်တော်မူ သည်။ အဆိုပါစုပေါင်းဒုလ္လဘရဟန်းခံ ပွဲတွင် ဒုလ္လဘရဟန်းလောင်း ၈၄ပါး အား သာသနာ့ဘောင်အတွင်း သွတ် သွင်းပေးကြောင်းသိရသည်။ **(က-ပ)**

အင်းတော်တွင် ပါဠိပထမပြန် စာမေးပွဲကျင်းပ

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် ပါဠိပထမပြန် စာမေးပွဲကို မတ် ၂၅ ရက်မှစတင်၍ ဧပြီ ၂ ရက်အထိ အင်းတော်စာဖြေဌာန (အင်းတော်အထက) တွင်ကျင်းပရာ မြို့နယ်အတွင်းရှိ စာဖြေသံဃာများနှင့် သီလရှင်များ စုစုပေါင်း ၁၀၂ပါး ဝင်ရောက်ဖြေဆိုကြပြီး အကြီးတန်းတွင် ၂၁ပါး၊ အလတ်တန်းတွင် ၄၄ ပါးနှင့် အငယ်တန်းတွင် ၃၇ပါးဖြစ်သည်။ စာမေးပွဲတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြို့မပရိယတ္တိစာသင်တိုက် ဆရာတော် ဦးပဏ္ဍိတ၊ ဒုတိယဥက္ကဋ္ဌ လယ်ပြင်-သီဘာကျောင်းတိုက်ဆရာတော် ဦးပညာသာမိ အမှူးပြုသော နာယကဆရာတော်များ၊ ကြီးကြပ် ဆရာတော်များ၊ သာသနာရေးဦးစီးမှူး ဦးကျော်ဌွေးနှင့် တာဝန်ရှိသူများ၊ မြို့ပေါ်ရပ်ကွက်ဥက္ကဋ္ဌများက ကြီးကြပ် ဆောင်ရွက်ပေးသည်။ (၁၃၃)

ကျောင်းလွှတ်ပူဇာ ရေစက်ချမင်္ဂလာကျင်းပ

မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် "သာသနာ့ ဂုဏ်ရည်ကျောင်း" ကျောင်းလွှတ်ပူဇာရေစက်ချမင်္ဂလာ အခမ်း အနားကို ဧပြီ ၁၁ ရက်က ကျင်းပရာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ(မကွေးဆရာတော်) တက်ရောက်၍ ကျောင်းလွှတ်ပူဇာ ရေစက်ချအနုမောဒနာ တရားချီးမြှင့်ပြီး ကျောင်းလွှတ်ပူဇာ အောင်ပွဲဓမ္မသဘင်အဖြစ် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရနှင့် ဓမ္မဒူတ အရှင်ဆေကိန္ဒတို့က ဧပြီ ၉ ရက်၊ ၁၀ရက်ညများတွင် တရား တော်များ ဟောကြား ပြသသည်။ ယင်းကျောင်းတိုက်ကြီး အား ငွေကျပ်သိန်း ၁၀၀၀ကျော် အကုန်အကျခံ၍ ဦးတင်ဝင်း-ဒေါ်သန်းသန်းဆင့် (နေခြည်ဝင်း ဆန်ရောင်းဝယ်ရေး) မိသားစုက ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **(က-ပ)**

ပညာရတနာစာကြည့်တိုက်စာဖတ်ဝိုင်း

ဒီပဲယင်းမြို့နယ် ဝဘာကျေးရွာ အုပ်စု သာစည်ကျေးရွာ ပညာရတနာ စာကြည့်တိုက်တွင် မတ် ၂၁ ရက် မွန်းလွဲပိုင်းက စာကြည့်တိုက်ရှင်သန် ရေး စာဖတ်ဝိုင်းပြုလုပ်ရာ ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးမြတင်က ချစ်နိုင် (စိတ်ပညာ)၏ ကံကောင်းနည်း လက်ဆောင်စာအုပ်မှ "စာဖတ်ကျင့်" ဆောင်းပါးကို ဖတ်ပြရှင်းလင်းပြီး ဆောင်းပါးအပေါ် မသီမာနိုင်နှင့် မောင် မင်းသူတို့က ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

ကျောက်ဆည်၌ စဉ်ဆက်မပြတ် ဆေးပညာဟောပြော

ကျောက်ဆည်ခရိုင် ကျန်းမာရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် စဉ်ဆက် မပြတ် ဆေးပညာဟောပြောပွဲအခမ်းအနားကို ဧပြီ ၄ ရက် မွန်းလွဲ ၁ နာရီက ကျောက်ဆည်မြို့ အထွေထွေအထူးကုဆေးရုံကြီးတွင်ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်က အဖွင့်အမှာစကား ပြောကြားပြီး ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာမေသက်နိုင်က Abdominal pain in Children အကြောင်းကိုလည်းကောင်း၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာ မောင်မောင်ဦးက Primary Oral Health Care Project in Myanmar အကြောင်းကို လည်းကောင်း စီဒီဆလိုက်များဖြင့် ရှင်းလင်းဟောပြောကြသည်။ ဆက်လက်၍ တက်ရောက်လာသူများက မေးမြန်းကြရာ သက်ဆိုင်ရာအလိုက် အထူးကုဆရာဝန်ကြီးများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေး
စိမ့်စမ်းရေသွယ်လုပ်ငန်း ဆောင်ရွက်ပြီးစီး

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသနေ ပြည် သူများ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး အတွက် မြစ်ကြီးနားမြို့နယ် ပြည်ထောင်ကျေးရွာတွင် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေး နှစ် ခွင့်ပြုငွေဖြင့် စိမ့်စမ်း ရေသွယ်လုပ်ငန်းဆောင်ရွက် ပြီးစီးမှု အခြေအနေများကို မြို့နယ် တာဝန်ခံအရာရှိ ဦးဇော်မိုးနှင့် လက်ထောက် အင်ဂျင်နီယာ ဦးမျိုးအေး လွင်တို့က မတ် ၁၄ ရက်က ကွင်းဆင်း ကြည့်ရှုစစ်ဆေး ရာ ရေ၊ မီး၊ ပန်းဥယျာဉ် တာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ(၂) ဦးအောင် မျိုးသက်က လုပ်ငန်းဆောင် ရွက်ထားမှု အခြေအနေ များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်း လိုအပ်ချက်များ ကို ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့သည်။ ပြည်ထောင် ကျေးရွာ ကျေးလက်ရေပေး ရေးလုပ်ငန်း ဆောင်ရွက် ပြီးစီးသွားသဖြင့်ပြည်ထောင် ကျေးရွာအိမ်ထောင်စု ၁၄၀ ခန့် သန့်ရှင်းသော သောက် သုံးရေ သုံးစွဲနိုင်မည် ဖြစ် ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကဆုန်လပြည့် (ဗုဒ္ဓနေ့) စေတီ ပုထိုးများ၌ ညောင်ရေသွန်းလောင်းသူများဖြင့် စည်ကား

ကဆုန်လပြည့် (ဗုဒ္ဓနေ့)က (၂၄)ကြိမ်မြောက် ရွှေတိဂုံစေတီတော် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို စေတီတော်ရင်ပြင်တွင် ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများက ပရိဘောဂစေတီ (မဟာဗောဓိညောင်ပင်)အား ဗုဒ္ဓါဘိသေက **မင်္ဂလာအနေကဇာတင်စဉ်။** ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကဆုန်လပြည့် (ဗုဒ္ဓနေ့)က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ရှင် စေတီတော်မြတ်ကြီးရှိ မဟာဗောဓိညောင်ပင်တွင် ဘုရားဖူးပြည်သူများ ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကဆုန်လပြည့် (ဗုဒ္ဓနေ့)က ဆူးလေစေတီတော်ရှိ မဟာဗောဓိညောင်ပင်တွင် ဘုရားဖူးပြည်သူများက ကဆုန်ညောင်ရေ သွန်းလောင်းကြစဉ်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ဓာတ်ပုံမှတ်တမ်း
သိန်းဝင်းလေး၊ တင်စိုး (မြန်မာ့အလင်း)

ကဆုန်လပြည့် (ဗုဒ္ဓနေ့)က မဟာဝိဇယစေတီတော်ရှိ မဟာဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းရန် လာရောက်ကြသော ဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးပြည်သူများကို တွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရွှေဘုန်းပွင့်စေတီတော်

ကဆုန်လပြည့် (ဗုဒ္ဓနေ့)က ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးရင်ပြင်ရှိ မဟာဗောဓိညောင်ပင်တွင် ဘုရားဖူးပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

1-5 (06) 1 4/30/07, 1:04 PM

မန္တလေးတိုင်း သက်ကြီးပူဇော်ပွဲကျင်းပ
တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၀

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်ကျင်းပသည့် သက်ကြီးပူဇော်ပွဲအခမ်းအနားကို မန္တလေးနန်းမြို့ ဂျူဒိုအားကစားရုံ၌ ဧပြီ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီးဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ တရားရုံးချုပ် (အထက်မြန်မာပြည်) ဒုတိယ တရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကန်တော့ခံဘိုးဘွားများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာတိုင်းမှူးက သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် သက်ကြီးဘိုးဘွားများအား ကန်တော့ချိုးဖြင့် ရွတ်ဆိုကန်တော့ကြပြီး တိုင်းမှူးနှင့်ဇနီး၊ မြို့တော်ဝန်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ သက်ကြီးဘိုးဘွားများကိုယ်စား အဘိုးဦးဘသိန်းက ဆုတောင်းမေတ္တာပို့သ အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပူဇော်ကန်တော့

အဆိုပါ သက်ကြီးပူဇော်ပွဲ၌ အသက် ၉၀ နှင့်အထက် အဘိုး ၈၄ဦး၊ အဘွား ၂၃၅ဦး၊ စုစုပေါင်း ၃၁၉ဦးအား ပူဇော်ကန်တော့ခဲ့ပြီး လှူဒါန်းငွေစုစုပေါင်းမှာ ကျပ် ၁၄၃ သိန်း ငါးသောင်း ငါးထောင် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ် ၈၉၊ ၈လမ်းနှင့် အမှတ် (၅၅/အေ) သုနန္ဒာ(၄) လမ်း သုမင်္ဂလာ အိမ်ရာ သဃ်န်းကျွန်း မြို့နယ်နေ ကျေးဇူးရှင် မိဘနှစ်ပါး ဖြစ်သော ဦးခင်လှိုင် (M.I.C ရော်ဘာစက်)–ဒေါ်ခင်မြင့်တို့၏ နှစ် (၅၀)ပြည့် ရွှေရတုမင်္ဂလာနှင့် ကျေးဇူးရှင်ဖခင်ကြီး ဦးခင်လှိုင်၏ (၇၅)နှစ်မြောက် စိန်ရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် သား၊ သမီး၊ မြေးများက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီလရှင်သင် ပညာရေးကျောင်း ၁၃ ကျောင်းတို့အား တစ်နေရာလျှင် ကျပ်တစ်သိန်းရှစ်ရာစီဖြင့် လှူဒါန်းခဲ့ရာ သားဖြစ်သူ ဒေါက်တာဉာဏ်သစ်လှိုင်၊ ဇနီးဒေါက်တာသန်းသန်းခိုင်၊ မြေးများဖြစ်သည့် မဝင့်ဖူးပန်၊ မောင်ဖြိုးဇေသစ်မိသားစုက လှူဒါန်းငွေများလှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ဆရာတော်ဘဒ္ဒန္တနိပကအား ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက မဟာဂန္ထဝါစကဘွဲ့တံဆိပ်တော်အပ်နှင်းခြင်းခံရသော ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ရွှေဂူနန်းရှာ ရတနာမှန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနိပကအား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားများကို ဧပြီ ၂၂ရက်က ရွှေဂူနန်းရွာ ရတနာမှန်ကျောင်းတိုက်၊ ဧပြီ ၂၆ ရက်တွင် ပဲခူးတိုင်း ကညွတ်ကွင်းမြို့ မြို့မဓမ္မာရုံ၊ ဧပြီ ၃၀ ရက်က ပဲခူးတိုင်း ပြွန်တန်ဆာမြို့ ဆိတ်ပြန်ကြီးဓမ္မာရုံကျောင်း၌ကျင်းပပြီး မေ ၁၈ ရက်တွင် အုတ်တွင်းမြို့ ကန်ကလေးတောရရွှေကျင်ကျောင်းတိုက်တို့၌ ကျင်းပသွားမည် ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ပူဇော်နိုင်ရန် ကျင်းပရေးကော်မတီက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **(၃၁၆)**

ပညာရည်ချွန်ဆုပေး

တောင်သာမြို့နယ် အသင်းနာယက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ်အသင်း (ရန်ကုန်) (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် အမှာစကားပြောကြားစဉ်။ (စက်မှု–၁)

တောင်သာမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေး ဝန်ကြီးဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၀

တောင်သာမြို့နယ်အသင်း (ရန်ကုန်) (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်း စက်မှု(၁) ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်သာ မြို့နယ် အသင်းဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဆွေနှင့် အသင်းနာယက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က တောင်သာမြို့နယ်၏ ကျန်းမာရေး၊ ပညာရေး၊ ရေရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်း ပြောကြားကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ကျေးလက်ဒေသ ပြည်သူများ၏ ကျန်းမာရေးအတွက် မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်းရေးမှူး အမှတ်(၁) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဇနီး ဒေါ်ခင်ခင်ရီ၊ ရန်ကုန်မြို့တော်ဝန်၏ ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့်အလှူရှင်များက ၂၀၀၆–၂၀၀၇ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်၍ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား တစ်ဦးချင်း ဆုများချီးမြှင့်ကြသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ဆက်လက်၍ ဝန်ကြီးဦးအောင်သောင်းက တောင်သာမြို့နယ် မဂ္ဂဇင်းတွင် ၁၀ကြိမ် ပါဝင်ရေးသားသူ ဆရာဦးအောင်သောင်း၊ ဦးအုံးမောင်နှင့် ဦးစန်းမောင်တို့အား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ထို့နောက် တောင်သာမြို့နယ် အသင်းဥက္ကဋ္ဌက တောင်သာမြို့နယ် အသင်းအတွက် မှတ်တမ်းဓာတ်ပုံ ရိုက်ကူးပေးသူ ဦးအောင်မြတ်ကျော်အား ဂုဏ်ပြုဆုငွေ ချီးမြှင့်သည်။

အသင်းရန်ပုံငွေအတွက်လှူ

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ တောင်သာမြို့နယ် အသင်းရန်ပုံငွေအတွက် အလှူရှင် အသီးသီးက ငွေကျပ်၁၅ သိန်း ရှစ်သောင်းကိုးထောင်ကျပ်ကိုလည်းကောင်း၊ ပညာရေး ရန်ပုံငွေကျပ် ၂၆ သိန်း ငါးသောင်းကို အလှူရှင်များက ပေးအပ်ချီးမြှင့်ရာ ဝန်ကြီး ဦးအောင်သောင်းနှင့် အသင်းဥက္ကဋ္ဌတို့ကလက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အုတ်တွင်းမြို့ အခြေခံ ယဉ်ကျေးမှုသင်တန်း
အလှူငွေပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂၀

ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ၂၀၀၇ ခုနှစ် အခြေခံယဉ်ကျေးမှုသင်တန်း အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၉ နာရီက အုတ်တွင်းမြို့နယ်ရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရှေးဦးစွာ အလှူရှင် အုတ်တွင်းမြို့ ကြယ်နီဆေးလိပ်ခုံပိုင်ရှင် သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့က ယဉ်ကျေးမှုသင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အလှူ ငွေများပေးအပ်လှူဒါန်းကြရာ ကြယ်နီ ဆေးလိပ်ခုံပိုင်ရှင် ဦးခင်မောင်ဝင်း၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့မိသားစုက ငွေကျပ် သိန်း ၃၀၊ ဦးအောင်သိန်း၊ ဒေါ်သန်းရွှေ မိသားစုက ငွေကျပ် ၇၅၀၀၀နှင့် ဦးလှဝင်း၊ ဒေါ်အေးဝင်း မိသားစုက ငွေကျပ် ၇၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွမ်းခွန်ဆမ်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ အလှူရှင်များက အလှူငွေများပေးအပ်ကြရာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အဆိုပါ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကို အုတ်တွင်းမြို့ ရပ်ကွက်ပေါင်း ခြောက်ခုမှ သာမဏေ အပါး ၅၀၊ သီလရှင် ၇၃ ပါး၊ စုစုပေါင်း ၁၂၃ ပါး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၀ရက်မှ မေ ၅ရက် အထိဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၁ ရက်က ဖားကန့်မြို့နယ် မော်ဆီစာကျေးရွာ စန္ဒာမုနိစေတီတော်မြတ် ရွှေထီးတော်တင်လှူပွဲနှင့် သီရိရတနာစိမ်းဓမ္မရိပ်သာ ရေစက်ချအလှူမင်္ဂလာ အထိမ်းအမှတ်အဖြစ် ကျင်းပသော တိပိဋက ဓမ္မဘဏ္ဍာဂါရိက ရေစကြို ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ တရားပွဲ၌ ဆရာတော်၏ ကပ္ပိယကာရက ဦးစောကြိုင်က တိပိဋကအကြောင်း သိကောင်းစရာနှင့် ဆရာတော်၏ သာသနာပြုလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားစဉ်။ (က–ပ)

ရှင်းလင်းပြောကြား

ဧပြီ ၂၆ ရက်က ပုဇွန်တောင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသန်းမြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေးမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်များ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြု ဗိမာန်တော် ရေစက်ချမင်္ဂလာ အခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

မဟာသုဗောဓာရုံ ဆရာတော်နှင့် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော် ကိုးပါးတို့ အမှူးပြုသော ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။ ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသော အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ကိုးပါးတို့အား တစ်ပါးလျှင် နဝကမ္မ ငွေကျပ် ငါးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၄၅ သိန်းကို လှူဒါန်းပူဇော်ကြသည်။

တက်ရောက်

ထို့နောက် သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုဗိမာန်တော် ရေစက်ချ မင်္ဂလာအခမ်းအနားကို နံနက် ၉ နာရီတွင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

တီးခတ်ပူဇော်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုဗိမာန်တော် မော်ကွန်းကမ္ပည်းကျောက်စာတိုက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ရွှေကျင်နိကာယ သာသနာပိုင် ဝါဆိုဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်တို့က မော်ကွန်းကမ္ပည်း ကျောက်စာတိုက်အတွင်းရှိ ခေါင်းလောင်းတော်ကို ကိုးကြိမ်တီးခတ်ပူဇော်ကြသည်။

စိုက်ပျိုးပူဇော်

ဆက်လက်၍ ယင်းခေါင်းလောင်းတော်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုဗိမာန်တော် မော်ကွန်းကမ္ပည်းကျောက်စာတိုက်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က ကိုးကြိမ်ပူဇော်ပြီးနောက် ဒက္ခိဏသာခါ မဟာဗောဓိပင်ပျိုးကို စိုက်ပျိုးပူဇော်သည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော်များ ဖြစ်တော်မူကြသော ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်တို့က သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြု ဗိမာန်တော်၏ စောင်းတန်းနှစ်သွယ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးတော်မူကြသည်။

ဆက်လက်၍ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုဗိမာန်တော် ရေစက်ချ မင်္ဂလာ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ နမောတဿ

ဖတ်ကြားပူဇော်

ယင်းနောက် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဉာဏိဿရက သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော ပရိသတ်တို့က ရွှေကျင်နိကာယသာသနာပိုင် ဝါဆိုဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြု ဗိမာန်တော် တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်များကို လျှောက်ထားသည်။

ဆက်လက်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှ အရှင်တေဇိန္ဒ(ဓမ္မာစရိယ၊ ဘီအေ)က ထုတ်ဝေနေဒုဂါထာတော်များကို ဖတ်ကြားပူဇော်သည်။

ထို့နောက် အဆိုကျော်ဒေါ်ရီရီသန့်က သီတဂူအပြည်ပြည်ဆိုင်ရာသာသနာပြု ဗိမာန်တော်အကြောင်း ဖွဲ့ဆိုထားသည့် ရတုပိုဒ်စုံနှင့် ရှစ်ဆယ်ပေါ်တေးထပ်တို့ကို ဖတ်ကြားပူဇော်သည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်က သာရဏီယ ဩဝါဒကထာ မြွက်ကြားတော်မူသည်။ ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်က ရွှေကျင်နိကာယ သာသနာပိုင် ဝါဆိုဆရာတော်နှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်တို့အား လှူဖွယ်သက်န်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကြွရောက်တော်မူကြသော နိုင်ငံတော် သံဃမဟာနာယကဆရာတော် ၁၅ ပါးတို့အား အနာမာသ နဝကမ္မဝတ္ထုငွေ တစ်ပါးလျှင် ငွေကျပ် သုံးသိန်းစီဖြင့် ၁၅ ပါးတို့အတွက် စုစုပေါင်းငွေကျပ် ၄၅ သိန်းကို အလှူရှင်များကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က ပေးအပ်လှူဒါန်းရာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော်က ရေစက်ချတရားတော် ဟောကြားချီးမြှင့်တော်မူရာ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရတနာမိုး

ယင်းနောက် ပရိသတ်တို့က သီတဂူဓမ္မအဓိဋ္ဌာန်ကို သံပြိုင်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော အမျိုးသမီးများက ရတနာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ယမန်နေ့ (ကဆုန်လပြည့် အဖိတ်နေ့)တွင် တိပိဋကဓရဆရာတော် ကိုးပါးတို့က ပရိတ်ကြီး ၁၁ သုတ်ကို ရွတ်ဖတ် ပူဇော်ကြသည်။ ယင်းတိပိဋက ဆရာတော် ကိုးပါးတို့အား တစ်ပါးလျှင် ငွေကျပ်သုံးသိန်းစီဖြင့် စုစုပေါင်းငွေကျပ် ၂၇ သိန်းကို သီတဂူ တပည့်ဒါယကာ ဒါယိကာမများက လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုဗိမာန်တော် မုခ်ဦးဖွင့်ပွဲတက်ရောက်ဖွင့်လှစ်

ရန်ကုန် ဧပြီ ၃၀

သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြု ဗိမာန်တော် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ အဆိုပါဗိမာန်တော်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်တို့ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်၍ သီတဂူ အပြည်ပြည်ဆိုင်ရာ သာသနာပြုဗိမာန်တော် ဖြစ်ထွန်းပေါ်ပေါက်လာပုံကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

ယင်းနောက် မင်္ဂလာအချိန်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က ဖဲကြိုးဖြတ်၍ သီတဂူအပြည်ပြည်ဆိုင်ရာ သာသနာပြုဗိမာန်တော်မုခ်ဦးကို ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်းနှင့် သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်တို့ သီတဂူအပြည်ပြည် ဆိုင်ရာ သာသနာပြု ဗိမာန်တော် မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြစဉ်။

(သတင်းစဉ်)

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ ဘုရား၊ စေတီများ၌ ဘုရားဖူးလာပြည်သူများ ကဆုန်ညောင်ရေသွန်းလောင်း

ကဆုန်လပြည့် (ဗုဒ္ဓနေ့)က ဗုဒ္ဓဂယာသာသနာပြုအဖွဲ့၏ (၂၇)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကမ္ဘာအေးကုန်းမြေ မဟာဥယျာဉ်တော်ရှိ မဟာဗောဓိညောင်ပင်တွင် ကျင်းပရာ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)၊ ဗုဒ္ဓဂယာ မြန်မာကျောင်းလက်ထောက် ဆရာတော် တေဇိန္ဒနှင့် ဗုဒ္ဓဂယာဘုရားဖူးများ ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်။ (မြန်မာ့အလင်း)

* ကျော့ဖုံးမှ

အစချီသော ဂါထာတော်ကို ရွတ်ဆို ပူဇော်သည်။

ရွှေတိဂုံစေတီတော်

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များက ဗုဒ္ဓရုပ်ပွားတော် မြတ်နှင့် မဟာဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ယင်းနောက် ဥပါသကာတစ်ဦးက နတ်ဗြဟ္မာအပေါင်းတို့အား ပင့်ဖိတ်ပြီး မဟာဗောဓိညောင်ပင်၏ အရပ်မျက်နှာ အသီးသီး၌ နေရာယူထားကြသော ဗြဟ္မာ၊ သိကြား၊ နတ်၊ နဂါးနှင့် ဂဠုန် တို့က "ဇယောဟိ ဗုဒ္ဓဿ"ဂါထာကို လည်းကောင်း၊ အရန်ယောဂီများက "ဗောဓိညောင်နန်း"အစချီသော ရှစ်လုံး ဘွဲ့ကဗျာကို လည်းကောင်း ရွတ်ဆိုကြကာ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မဟာ

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာဓိပတိ မဟာမုနိ သကျ ကိုးထပ်ကြီးဘုရား (၁၄)ကြိမ်မြောက် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို ဧပြီ ၃၀ ရက်က ပြုလုပ်ရာ ဂေါပကအဖွဲ့ဝင်များနှင့် အသင်းအဖွဲ့များ စုပေါင်းသွန်းလောင်းကြစဉ်။ (၁၂၉)

ဗောဓိညောင်ပင်တို့အား ညောင်ရေ သွန်းလောင်းပူဇော်ကြသည်။

သီလဆောက်တည်

ယနေ့သည် ကဆုန်လပြည့် (ဗုဒ္ဓ အခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရွှေတိဂုံစေတီတော်၌ ဥပုသ်သီလ ဆောက်တည်ကြသူများနှင့်ဘုရားဖူးလာ ပြည်သူများဖြင့် နံနက်ပိုင်းမှ ညပိုင်း အထိ အထူးစည်ကားများပြားလျက် ရှိပြီး ဘုရားဖူးလာသူများသည် မဟာ ဗောဓိညောင်ပင်တွင် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ကြသည်။

မဟာဝိဇယစေတီတော်

အလားတူ ရန်ကုန်မြို့ ဓမ္မရက္ခိတ ကုန်းတော်၌ တည်ထား ကိုးကွယ်သော မဟာဝိဇယစေတီတော်၏ ကဆုန် လပြည့် (ဗုဒ္ဓအခါတော်နေ့) တွင် (၂၁)ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို နံနက်၈နာရီခွဲတွင် အဆိုပါစေတီတော် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပရာ ရှေးဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဥပါသကာ တစ်ဦးက နတ်ဗြဟ္မာအပေါင်းတို့အား ဂါထာပါး၍ ပင့်ဖိတ်သည်။

ယင်းနောက် မဟာဗောဓိညောင် ပင်၏အရပ်မျက်နှာအသီးသီးတို့၌နေရာ ယူထားကြသော ဗြဟ္မာ၊ သိကြား၊ နတ်၊ နဂါးနှင့် ဂဠုန်တို့က "ဇယောဟိ ဗုဒ္ဓဿ"ဂါထာတော်ကို လည်းကောင်း၊ အရန်ယောဂီများက "ဗောဓိညောင် နန်း" အစချီသော ရှစ်လုံးဘွဲ့ကဗျာကို လည်းကောင်း ရွတ်ဆိုကြပြီး ဗုဒ္ဓရုပ်ပွား တော်မြတ်များနှင့် မဟာဗောဓိညောင် ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် ဘာသာရေး အသင်းအဖွဲ့များသည် ဗုဒ္ဓရုပ်ပွားတော် မြတ်များနှင့် မဟာဗောဓိညောင်ပင်တို့ အား ညောင်ရေသွန်းလောင်းပူဇော် ကြသည်။

ဆူးလေစေတီတော်

ထို့အတူ ဆူးလေစေတီတော်၏ ၁၃၆၉ခုနှစ် ကဆုန်ညောင်ရေသွန်းပွဲ တော်ကို ယနေ့နံနက် ၆ နာရီတွင် ဆူးလေစေတီတော် ကျက်သရေဆောင် ခန်းမ၌ ကျင်းပရာ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင် တိုက်ဆရာတော် အမှူးပြုသော သံဃာ တော်များ ကြွရောက်တော်မူကြပြီး ဆူးလေစေတီတော် အလှည့်ကျဂေါပက အဖွဲ့ဝင်များ၊ ဘာသာရေးအသင်း အဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ရှေးဦးစွာ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဆရာတော် အမှူး ပြုသော ဆရာတော် သံဃာတော်များက ဗောဓိညောင်ရေသွန်း ဂါထာတော်များ ရွတ်ဖတ်ပူဇော်ကြပြီး စေတီတော် ပရဝဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေ သွန်းလောင်းတော်မူကြ သည်။

ဆူးလေစေတီတော် မဟာဗောဓိ ညောင်ပင်တွင် အများပြည်သူများက ယနေ့နံနက်ပိုင်းမှစ၍ ညနေပိုင်းအထိ ညောင်ရေသွန်းလောင်းပူဇော်ကြသူများ ဖြင့် စည်ကားလျက်ရှိသည်။

ဗိုလ်တထောင်စေတီတော်

အလားတူ ဗိုလ်တထောင်ကျိုက် ဒေးအပ်ဆံတော်ဦး စေတီတော်မြတ် ကြီး၏ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့) ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင် တနင်္ဂနွေထောင့်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပရာ ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ သောဘိတ အမှူးပြု သော ပင့်သံဃာတော်များ ကြွရောက် တော်မူကြပြီး ဧရာဝတီရေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြဝင်းနှင့် ဖိတ်ကြားထားသော ဧည့်သည်တော် များ၊ စေတီတော်တာဝန်ခံ အလှည့်ကျ ဂေါပက ဦးလှထွန်းနှင့် အဖွဲ့ဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင် များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန် တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်း ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တ သောဘိတထံမှ ပရိသတ် များက ငါးပါးသီလခံယူ ဆောက်တည် ကြသည်။

ဆက်လက်၍ သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်တရား တော်များ ရွတ်ဖတ်သရဇ္ဈာယ်တော် မူကြပြီး ဆရာတော် ဘဒ္ဒန္တ သောဘိတ ထံမှ ပရိသတ်များက ဩဝါဒကထာ နာယူကြသည်။

ယင်းနောက် သံဃာတော်များ အား ပရိသတ်များက လှူဖွယ်ဝတ္ထု ပစ္စည်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာဗောဓိပင်၌ ဆရာတော်များက မဟာဗောဓိ ဥဒက သိဥ္စနပါဠိတော်များ ရွတ်ဖတ်ပူဇော်ကြ ပြီး သံဃာတော်များက ကြီးမှူး၍ ဗုဒ္ဓ ဘာသာဝင် သူတော်စင်များက နံနက်မှ စတင်၍ ညပိုင်းအထိ ဗောဓိညောင် ပင်အား ညောင်ရေသွန်းလောင်းပူဇော် ကြသည်။

ကဆုန်လပြည့်နေ့က သန်လျင်မြို့နယ် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် ကဆုန်ညောင်ရေ သွန်းလောင်းရန်အတွက် လှပျိုဖြူများ လက်ယာရစ်တစ်ပတ် လှည့်လည်၍ အပူဇော်ခံစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရွှေဘုန်းပွင့်စေတီတော်

ထို့အတူ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော် ညောင်ရေသွန်း လောင်းပူဇော်ပွဲဖွင့်ပွဲ အခမ်းအနားကို နံနက်အရုဏ်တက်တွင် စေတီတော် ရင်ပြင်၌ ကျင်းပရာ ရွှေဘုန်းပွင့် စေတီ တော် ဩဝါဒါစရိယ ဆရာတော်များ ကြွရောက်တော်မူကြပြီး ရွှေဘုန်းပွင့် စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အသင်းများနှင့်ဘုရားဖူး ပြည်သူများ တက်ရောက်ကြည်ညို ကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ဆရာတော် သံဃာတော် များက ရွှေဘုန်းပွင့်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါ ဘိသေက အနေကဇာ တင်တော်မူကြပြီး စေတီ တော်ရင်ပြင်၌ မြတ်စွာဘုရားအား ဆွမ်း၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော် ကြသည်။

ထို့နောက် ဆရာတော် သံဃာ တော်များ အမှူးပြု၍ စေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင် အား ညောင်ရေသွန်းလောင်း ပူဇော် ကြသည်။

ဆက်လက်၍ ရွှေဘုန်းပွင့် စေတီ တော်ဘာသာရေးဝတ်အသင်း၊ လူမှုရေး အသင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူ များက နံနက်ပိုင်းမှ ညပိုင်းအထိ မဟာ ဗောဓိပင်ကို ညောင်ရေသွန်းလောင်း ပူဇော်ကြသူများဖြင့် စည်ကားလျက် ရှိသည်။

အိမ်တော်ရာစေတီ

ထို့အတူ မဟာဓမ္မရံသီ အိမ်တော် ရာ စေတီတော်မြတ်ကြီး ဂေါပက အဖွဲ့က ကြီးမှူးကျင်းပသော ဆဋ္ဌမ အကြိမ်မြောက် ကဆုန်ညောင်ရေသွန်း ပွဲတော်ကို နံနက်၇နာရီခွဲ တွင် အဆိုပါ စေတီတော်ရင်ပြင်၌ ကျင်းပသည်။

ဆက်လက်၍အောင်မြေဘုံစံကျောင်း ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာ တရားနာယူကြပြီး ဆရာတော် သံဃာ တော်များ ဦးဆောင်၍ ဂေါပကအဖွဲ့ ဝင်များ၊ ပရိသတ်များက စေတီတော် ကြီးနှင့် ဗောဓိညောင်ပင်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော် ကြကာ ဗောဓိညောင်ပင်ကြီးအား ညောင်ရေ သွန်းလောင်းပူဇော်ကြပြီး အခမ်းအနားကို ဇယန္တော ဗောဓိ ယာမူလေ ဂါထာတော်ကို သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ရုပ်သိမ်း လိုက်သည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်

ထို့အတူ သီရိမင်္ဂလာကမ္ဘာအေး စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၆၉ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်း မင်္ဂလာအခမ်း အနားကို နံနက်၆နာရီတွင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ကျင်းပသည်။

ယင်းနောက် မဟာဗောဓိပင်၏ အနောက်အရပ်မှ နဂါးမင်း၊ မြောက် အရပ်မှ ဂဠုန်မင်း၊ တောင်အရပ်မှ နတ်မင်း၊ အရှေ့အရပ်မှ ဗြဟ္မာများက သက်ဆိုင်ရာဂါထာများကို ရွတ်ဆိုပြီး ညောင်ရေသွန်းလောင်းကြသည်။

အခမ်းအနားအပြီးတွင် ဘုရားဖူး လာပြည်သူများက မဟာဗောဓိပင်ကို ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ယနေ့ နံနက်ပိုင်းမှစ၍ သီရိ မင်္ဂလာကမ္ဘာအေးစေတီတော်၌ ဘုရား ဖူးလာပြည်သူများ၊ ဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ အလှူဒါန ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ သာသနာရေးဝန်ကြီး ဌာန ဝန်ထမ်းမိသားစုများ၏ ၁၃၆၉ ခုနှစ်ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့) (၁၅)ကြိမ်မြောက် စုပေါင်းကဆုန် ညောင်ရေသွန်းမင်္ဂလာ အခမ်းအနားကို နံနက်၁၀ နာရီတွင် ကမ္ဘာအေးကုန်းမြေ ပြည်ပသာသနာပြုဌာနခွဲ ပိဋကတ် တိုက်ရှေ့ရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပသည်။

ဆက်လက်၍ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့်ဇနီး ဒေါ်မြင့်မြင့်ရီ၊ သာသနာရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးမျိုးကျော်၊ အပြည်ပြည် ဆိုင်ရာထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ဒေါက်တာ မြင့်ကြည်နှင့် တာဝန်ရှိသူများက မဟာ ဗောဓိပင်အား ညောင်ရေသွန်း လောင်း ကြသည်။ ယင်းနောက် ဗြဟ္မာ၊ နတ်၊ နဂါး၊ ဂဠုန်များနှင့် ဥပါသကာများက သက်ဆိုင်ရာဂါထာများ ရွတ်ဆို ပူဇော် ပြီး ပရိသတ်များက ညောင်ရေ သွန်း လောင်းကြသည်။

မဟာမုနိသကျကိုးထပ်ကြီးဘုရား

အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရား၏ (၁၄)ကြိမ်မြောက် စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံမြို့နယ် လုံးဆိုင်ရာကဆုန်ညောင်ရေသွန်းပွဲတော် ကို နံနက် ၇ နာရီတွင် ကျင်းပသည်။

ထို့နောက် ဗောဓိညောင်ပင်၌ နေရာယူကြပြီး ဗြဟ္မာမင်း၊ သိကြား မင်း၊ နဂါးမင်း၊ ဂဠုန်မင်းနှင့် ဂေါပက အဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်း အဖွဲ့ဝင်များက ဗောဓိပင်အားညောင်ရေ သွန်းလောင်းကြသည်။

ကျိုက်ဝိုင်းစေတီတော်

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၏ ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော်ကို နံနက်၉နာရီတွင် ကျင်းပသည်။

ထို့နောက် ဆရာတော်ကြီးများ ဦးဆောင်၍ပရိသတ်များက စေတီတော် အား လက်ယာရစ်တစ်ပတ် လှည့်လည် ပူဇော်ကြပြီး အင်္ဂါထောင့်ရှိ ဗောဓိ ညောင်ပင်အား ညောင်ရေသွန်းလောင်း ကြသည်။

စေတီတော်၌ ညောင်ရေသွန်း လောင်းကြသူများ၊ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိ သည်။

ကမ္ဘာအေးကုန်းမြေ ပြည်ပသာသနာပြုဌာနခွဲ ပိဋကတ်တိုက်ရှေ့ရှိ မဟာဗောဓိညောင်ပင်၌ သာသနာရေး ဝန်ကြီးဌာန မိသားစုများ ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်။ (သတင်းစဉ်)

ငါးထပ်ကြီးဘုရား

အလားတူ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရားနှင့် မြောက် ဥက္ကလာပ မယ်လမုဘုရားတို့၌လည်း ဂေါပကအဖွဲ့များက ကြီးမှူး၍ ဂေါပက အဖွဲ့ဩဝါဒါစရိယ ဆရာတော်ကြီး များနှင့် ဘာသာရေး အသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူး ပြည်သူ များက ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ မဟာဗောဓိပင်ညောင်ရေသွန်းလောင်း ပူဇော်ပွဲ များကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ထို့အတူမြို့နယ်၊ ရပ်ကွက် အသီး သီးရှိ ဘုရားကျောင်းကန်များ၌လည်း ညောင်ရေသွန်း အခမ်းအနားများ၊ ဗုဒ္ဓါ ဘိသေက အနေကဇာတင်ပွဲအခမ်း အနားများနှင့် ဥပုသ်သီတင်း ဆောက် တည်ကြသူများ၊ ဘာဝနာတရားပွားများ အားထုတ်ကြသူများ၊ အလှူဒါနပြုကြ သူများဖြင့် အထူးစည်ကားလျက်ရှိ သည်။

(သတင်းစဉ်)

ထပ်တစ်ရာပန်းခင်း

တရုတ်နိုင်ငံ ဟေနန်ပြည်နယ် လူယန်မြို့တွင် ထပ်တစ်ရာပန်းခင်းများ ဆင်ယင်ထားရှိမှုကို ကြာရှည်ခံနိုင်ရန် ရေခဲတုံးများဖြင့် အအေးဓာတ်ပေးနေသည်ကို ဧပြီ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လာအိုနှင့် နီကာရာဂွာတို့ သံတမန် ဆက်ဆံရေးပြန်လည်စတင်

မနာဂွာ ဧပြီ ၃၀

နီကာရာဂွာနှင့် လာအိုနိုင်ငံတို့သည် သံတမန်ဆက်ဆံရေး ပြန်လည်စတင်လိုက်ပြီဖြစ်ကြောင်း နီကာရာဂွာနိုင်ငံခြားရေးဝန်ကြီး ဆမ်မြူရယ်ဆန်တို့စ်က ဧပြီ ၂၇ ရက်၌ ပြောကြားသည်။

နီကာရာဂွာနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာသော လာအိုကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လာအိုနိုင်ငံခြားရေးဝန်ကြီး သွန်လွန်းစီဆိုလစ်အား နီကာရာဂွာ သမ္မတဒါနေးလ် အောတေဂါက နွေးထွေးစွာ ကြိုဆိုတွေ့ဆုံဆွေးနွေးခဲ့သည်။

လက်မှတ်ရေးထိုး

ထို့အတူ နှစ်နိုင်ငံကိုယ်စားလှယ်တို့က ဧပြီ ၂၇ရက်တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ပြန်လည်စတင်ခြင်းအပြင် သဘောတူညီမှုနှစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

တိုးမြှင့်

အဆိုပါ သဘောတူညီချက်တွင် နှစ်နိုင်ငံ အပြန်အလှန်ထောက်ပံ့ကူညီရန်၊ အခွင့်အရေးနှင့် အကျိုးအမြတ်များ မျှဝေခံစားကြရန်အတွက် တိုးမြှင့်ဆောင်ရွက်ကြရေး ပါရှိကြောင်း နီကာရာဂွာ နိုင်ငံခြားရေးဝန်ကြီး ဆန်တို့စ်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ပွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ထိုင်းဒုတိယဝန်ကြီး သုံးဦး ခန့်အပ်

ဗန်ကောက် ဧပြီ ၃၀

ထိုင်းဝန်ကြီးချုပ် ဆူရာယုဒ်ချူလာနွန်၏ ဝန်ကြီးအဖွဲ့တွင် ဒုတိယဝန်ကြီးသုံးဦးအား ရွေးချယ်ခန့်ထားရန် ထိုင်းဘုရင်က အတည်ပြု လိုက်ကြောင်း ဒေသထုတ် သတင်းစာတစ်စောင်က ဧပြီ ၂၈ရက်တွင် ဖော်ပြသည်။

အဆိုပါ ဒုတိယဝန်ကြီးသုံးဦးမှာ ခရီးသွားလာရေးနှင့် အားကစား ဒုတိယဝန်ကြီးအဖြစ် နတ်အင်ဒရာပန် ကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေး ဒုတိယဝန်ကြီးအဖြစ် နော့ပါဒေါ် သိမ်နူရာ ကိုလည်းကောင်း၊ ဒုတိယရဲမှူးချုပ် တီရာဝပ်ဘတ်စရီလွန်းကို ဒုတိယ ပြည်ထဲရေးဝန်ကြီးအဖြစ် လည်းကောင်း ရွေးချယ်အတည်ပြုလိုက်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ပွာ

ပုစွန်ထုတ်လုပ်ရေး

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ပုစွန် မွေးမြူထုတ်လုပ်ရေး စက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဧပြီ ၂၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျော်ဒန်၌ ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှု ယခုနှစ် ပထမလေးလအတွင်း မြင့်တက်

အမ္မာန် ဧပြီ ၃၀

ဂျော်ဒန်နိုင်ငံသည် ယခုနှစ် ပထမ လေးလအတွင်း ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှု ၁ ဒသမ ၃၉ သန်းခန့်ရှိရာ၊ ၂၀၀၆ ခုနှစ် ယခုကာလနှင့် နှိုင်းယှဉ်ပါက ၂၀ ရာခိုင်နှုန်း တိုးမြင့်လျက်ရှိကြောင်း ဂျော်ဒန်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ မှတ်တမ်းအရ ဧပြီ ၂၇ ရက်က ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြသည်။

တိုးတက်မြင့်မား

ယခုနှစ် နွေရာသီတွင် ခရီးသွား ဧည့်သည်များ တိုးမြင့်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားဧည့်သည်များအား ကမ္ဘာ့အံ့သြဖွယ်ရာဖြစ်သည့် ပက်ထရာမြို့ရှိ နီဘာတာ ရှေးဟောင်းမြို့တော်၊ ပက်ထရာပင်လယ်ပြင်နှင့် အက်ကျူဘာမြို့တို့ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအေဂျင်စီများ၌ စာရင်းပေးသွင်းမှု တိုးတက် မြင့်မားလျက်ရှိသည်။

ယခုနှစ် ပထမသုံးလအတွင်း ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှု ၁၂ ရာခိုင်နှုန်းတိုးမြင့်လျက်ရှိရာ နိုင်ငံခြားသားဧည့်သည်ပေါင်း ၁၀၀၆၆၄ ဦး ရောက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ပွာ

ပါကစ္စတန်၌ အသေခံဗုံးခွဲမှု ၂၈ဦး သေဆုံး

ပီရှာဝါ(ပါကစ္စတန်) ဧပြီ ၃၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသ၏ နယ်စပ်မြို့တစ်မြို့ဖြစ်သော ပီရှာဝါမြို့၏ အရှေ့မြောက်ဘက် ၁၂မိုင်ခန့်အကွာ ချာဆက်ဒါ၌ ကျင်းပသော လူထုအစည်းအဝေးတွင် ဧပြီ ၂၈ရက်က အသေခံဗုံးခွဲတိုက်ခိုက်ရာ အနည်းဆုံး လူ ၂၈ဦး သေဆုံးပြီး ပါကစ္စတန် ပြည်ထဲရေးဝန်ကြီး အက်ဖ်တက် အာမက်ခမ်းရှာပေါ်အပါအဝင် လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

ဖိလစ်ပိုင်စစ်ရဟတ်ယာဉ်ပျက်ကျ ကိုးဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

မနီလာ ဧပြီ ၃၀

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း လေတပ် အခြေစိုက်စခန်းတစ်ခု၏ အပြင်ဘက် ကျေးရွာတစ်ရွာသို့ စစ်ဘက်လေ့ကျင့်ရေး ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူကိုးဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်လေတပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဧပြီ ၂၉ ရက်၌ ပြောကြားသည်။

ပျက်ကျ

အဆိုပါ UH-1H ရဟတ်ယာဉ်မှာ လေ့ကျင့်ပျံသန်းပြီး ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း မက်တန်ကျွန်းပေါ်ရှိ လေတပ် အခြေစိုက်စခန်းသို့ ပြန်လာစဉ် ပျက်ကျခဲ့ခြင်း **(ဝဲပုံ)** ဖြစ်သည်။

ဒဏ်ရာရရှိ

ရဟတ်ယာဉ် ပျက်ကျရာတွင် လေယာဉ်မှူးနှစ်ဦးနှင့် ရဟတ်ယာဉ်အမှုထမ်း တစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ရဟတ်ယာဉ်မှာ ပျံသန်းနေသော စွန်တစ်ကောင်နှင့် တိုက်မိပြီး အင်ဂျင်စက် ချွတ်ယွင်းကာ ပျက်ကျခဲ့ခြင်း ဖြစ်ကြောင်း အေဘီအက်စ်-စီဘီအင်န် ရုပ်မြင်သံကြား ဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်နိုင်ငံ စိန်ပိုမိုတင်သွင်းလာ

ရှန်ဟိုင်း ဧပြီ ၃၀

တရုတ်နိုင်ငံသည် ယခုနှစ် ပထမသုံးလတွင် အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၉၁ သန်းဖိုးရှိ စိန်များတင်သွင်းခဲ့ကြောင်း၊ ယင်းမှာ ယမန်နှစ် အလားတူကာလကထက် ၁၇၀ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဆင်ဟွာ သတင်းဌာနတွင် ဖော်ပြသည်။

တင်သွင်း

တရုတ်နိုင်ငံသည် ၂၀၀၆ခုနှစ်၏ နောက်ပိုင်း ခြောက်လတွင် သန့်စင်ပြီးစိန် အမေရိကန်ဒေါ်လာ ၁၄၇သန်း တင်သွင်းခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်၌ တာလီဘန် ၁၄ဦး သေဆုံး

ကဘူးလ် ဧပြီ ၃၀

အာဖဂန်နှင့် နေတိုးတပ်များသည် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခေါက်စ်ပြည်နယ်၌ ဧပြီ ၂၈ရက်က ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သဖြင့် တာလီဘန် တိုက်ခိုက်ရေးသမား ၁၄ဦး သေဆုံးသွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အရာရှိ မိုဟာမက်အရွတ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဗုံးကြဲတိုက်ခိုက်

အာဖဂန်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်တိုက်ခိုက်ရေးသမားများ အပြန်အလှန် ပစ်ခတ်မှုတစ်ရပ် အလစ်ရှာခရိုင်၌ ဖြစ်ပွားနေစဉ် နေတိုးစစ်လေယာဉ်များက ရန်သူ တိုက်ခိုက်ရေးသမားများရှိရာသို့ ဗုံးကြဲတိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပဲခူးခရိုင်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနေမှု ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းလိုက်ပါလျက် ဧပြီ ၂၉ ရက် နံနက် ၉ နာရီက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေသည့် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမသို့ရောက်ရှိပြီး ခရိုင်ဦးစီးဌာနမှူး ဦးသိန်းထွန်းဦး၊ မြို့နယ်ဦးစီးဌာနမှူး ဦးခင်မောင်စိုးနှင့် ဝန်ထမ်းများက မြို့နယ်ပြည်သူများအား အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံသားစိစစ်ရေးကတ်ပြား(ပျောက်ဆုံး/ ပျက်စီး) မိတ္တူကတ်ပြားများ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ စနစ်တကျ လုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက လုပ်ငန်းများ၊ လွယ်ကူလျင်မြန်စေရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် စိစစ်လက်မှတ်ရေးထိုးပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပဲခူးတိုင်း (အရှေ့ပိုင်း) တိုင်းဦးစီးဌာနမှူး ဦးမောင်မောင်ဝင်းက သက်ဆိုင်ရာ ပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ဝေါမြို့နယ်သို့ ရောက်ရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေသည့် ဝေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ခရိုင်ဦးစီးဌာနမှူး ဦးသိန်းထွန်းဦး၊ မြို့နယ်ဦးစီးမှူး ဦးအေးထွန်းနှင့် ဝန်ထမ်းများက မြို့နယ်ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး စနစ်တကျ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အားပေး

ယင်းနောက် ဝန်ကြီးသည် မြို့နယ်ခန်းမ၌ မြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံကာ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး တိုင်းဦးစီးဌာနမှူး ဦးမောင်မောင်ဝင်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာပြည်သူများထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် ဝေါမြို့နယ် ဦးစီးဌာနမှူးရုံးသို့ရောက်ရှိပြီး ဝေါမြို့နယ် ဦးစီးဌာနမှူးရုံး၏ မှတ်တမ်းခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းဆိုင်ရာ စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပဲခူးတိုင်း(အရှေ့ပိုင်း) ပဲခူးခရိုင်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် လှုပ်ရှားမှုတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပဲခူးမြို့နယ်၌ ၂၄၃ ဦး၊ ဝေါမြို့နယ်၌ ၁၅၂ ဦး စုစုပေါင်း ၃၉၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ စနစ်တကျ စိစစ်ထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီတဂူဧရာအလှူတော်အထူးတရားပွဲ

ရန်ကုန် ဧပြီ ၃၀

အရှင်ပညာသာရနှင့် ဘိုးဘွား၊ မိဘတို့အားအမှူးထား၍ ဦးမြင့်ဆွေဦး–ဒေါ်သီတာစိုး၊ ကိုစောနိုင်ဦး မိသားစုတို့၏ သီတဂူဧရာအလှူတော်ပွဲကြီးကို မေ ၃ ရက်တွင် သစ္စာအောင်မြေ ဆရာတော် အရှင်ဝိမလ(ကမ္မဋ္ဌာနာစရိယ) မိုးကုတ် ဝိပဿနာ မင်္ဂလာတိုက်အောင်မြေ မိုးကုတ်မြို့၊ မေ ၄ ရက်တွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ M.A, Ph.D (B.H.U) သာသနဓဇ ဓမ္မာစရိယ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ မေ ၅ ရက်တွင် သီတဂူအရှင် ဒေဝိန္ဒာဘိဝံသ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ မေ ၆ ရက်တွင် သဲကုန်းသပိတ်အိုင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph.D သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်အဓိပတိတို့က ညစဉ် ၇ နာရီတွင် ပေါ်တော်မူဘုရားဝင်း ဇဟိုလမ်း(၂)ရပ်ကွက် သမိုင်းလမ်းဆုံ မရမ်းကုန်းမြို့နယ်၌ လေးရက်တိုင်တိုင် တရားတော်များ ဟောကြားမည်ဖြစ်သည်။ အလှူငွေများကို ဦးမြင့်ဆွေဦး–ဒေါ်သီတာစိုး၊ ကိုစောနိုင်ဦး အမှတ် ၁၀ ဦးအောင်ဘွင့်လမ်း ၂ ရပ်ကွက်(သမိုင်း) မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း–၆၆၃၀၄၂၊ ၀၉–၉၀–၁၃၆၈၄ နှင့် ၀၉–၈၀–၃၃၃၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဇဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဖြိုးဧရာ အမှတ်(၂)ငါးမွေးမြူစခန်း(ဝါးတော)ငါးကန်များကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဇဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ဧပြီ ၂၉ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း မအူပင်မြို့နယ် ဝါးတောကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဖြိုးဧရာအမှတ်(၂) ငါးမွေးမြူရေးစခန်း (ဝါးတော)သို့ ရောက်ရှိပြီး စခန်းတာဝန်ခံ ဦးလှမြင့်အောင်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဇဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ထပ်မံဖော်ယူရောင်းချမည့် အသားတိုး ငါးကန်များ၏ ငါးကြီးနှုန်းအခြေအနေနှင့် ဖော်ယူပြုပြင်ပြီးသည့် အသားတိုးမွေးမြူရေးကန်များအတွင်း ထပ်မံထည့်သွင်းမွေးမြူမည့် ငါးသန်း/ငါးဖြန်း၊ ငါးငယ်ပြုစုကန်များရှိ မျိုးငါးသားပေါက်များ၏ ကြီးထွားနှုန်းအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုးဦးရာသီ၏ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် ငါးကန်ပေါင်များနှင့် အစောင့်အိမ်များ ပြုပြင်ထိန်းသိမ်းထားရှိရေး၊ ရာသီချိန်မီ အသားတိုး ငါးကန်များအတွင်း ထပ်မံထည့်သွင်း မွေးမြူရေးအခြေအနေများ၊ အသေးစိတ် ဆွေးနွေးမှာကြားပြီး ငါးမွေးမြူရေးစခန်း၏ စားဖိုဆောင်နှင့် အစာသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဟော်ကီအဖွဲ့ချုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်း

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ နိုင်ငံတကာအဆင့်မီ မြက်ခင်းတုဟော်ကီအားကစားကွင်း၌ ကျင်းပသော မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးအား မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် အမှုဆောင်သစ်များနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။

ယင်းနောက် ဝန်ကြီးက မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တွင် အမှုဆောင်သစ်များဖြင့် ဖွဲ့စည်းပြီးဖြစ်၍ ဟော်ကီအားကစား တိုးတက်မြင့်မားရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်၏ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် နိုင်ငံတကာအဆင့်မီ မြက်ခင်းတု ဟော်ကီအားကစားကွင်းတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်က (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ရွေးချယ်ပြီး လေ့ကျင့်လျက်ရှိသော ပဏာမ မြန်မာ့လက်ရွေးစင်အသင်းအတွက် ဟော်ကီအားကစားတုတ်များနှင့် ဟော်ကီဘောလုံးများကို ပေးအပ်ရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က လက်ခံကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

မိုးလေဝသ အခြေအနေ

၁–၅–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

အင်းစိန်မြို့နယ် ဈေးကုန်းအနောက်ရပ်ကွက်နေ ဦးတင်မောင်ဦးနှင့် ညီအစ်ကို မောင်နှမတစ်စု (ရွှေအုန်းပင် စက်နို့ဆီရောင်းဝယ်ရေး)က မိဘများဖြစ်ကြသော ဦးတင်ဝမ်း–ဒေါ်ပြုံးကြည်တို့အား ရည်စူး၍ ငွေကျပ် ငါးသိန်းကို အင်းစိန်မြို့နယ် သံဃာ့ဆေးရုံ ဆေးပဒေသာပင်အတွက် ဧပြီ ၂၆ ရက်က လှူဒါန်းရာ သံဃာ့ဆေးရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်နှင့် တွဲဖက်အတွင်းရေးမှူး ဦးလှသန်းတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ကမ္ဘာတစ်လွှား အားကစား

မန်ယူအပေါ် အေစီမီလန်နည်းပြ အန်ဆယ်လော့တီအမြင်

ရောမ ဧပြီ ၃၀

အီတလီစီးရီးအေ ပွဲစဉ် ၃၄ ၌ တိုရီနိုအသင်းကို အနိုင်ရရှိခဲ့သော အေစီမီလန်အသင်းသည် တန်းစီဇယား တတိယနေရာသို့ ရောက်ရှိလာသော်လည်း ထိပ်ဆုံးမှ အင်တာမီလန်နှင့်ပွဲတူ ၂၅ မှတ်ကွာခြားနေလျက်ရှိရာ ယခုနှစ် ဘောလုံးရာသီ၌ စီးရီးအေဖလားကို ရရှိရန်မှာ မလွယ်ကူတော့ချေ။

အန်ဆယ်လော့တီ

"မန်ယူရဲ့ အားသာချက်၊ အားနည်းချက်တွေကို ကျွန်တော်တို့ သိရှိထားပြီးပါပြီ"

အေစီမီလန်နည်းပြ အန်ဆယ်လော့တီ။

(ဓာတ်ပုံ-အင်တာနက်)

အကဲခတ်

ထို့ကြောင့် စီးရီးအေဖလားထက် ဂုဏ်သိက္ခာမြင့်မားသော ချန်ပီယံလိဂ် ဖလားရရှိရေးကို အဓိကပစ်မှတ်ထားကာ ကြိုးစားနေသော အေစီမီလန်နည်းပြ အန်ဆယ်လော့တီအတွက် ပရီမီယာလိဂ်မှ ပြိုင်ဘက် မန်ယူ၏ အခြေအနေကိုသာ အာရုံစိုက် အကဲခတ်လျက်ရှိသည်။

ခြေကုန်ထုတ်

အေစီမီလန်သည် မေ ၂ ရက်တွင် အိမ်ကွင်း၌ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် မန်ယူနှင့် ကစားရတော့မည်ဖြစ်သည်။ အေစီမီလန်အသင်းအနေဖြင့် မန်ယူကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးထားခဲ့ရာ အိမ်ကွင်းရလဒ်ကောင်းအောင် ခြေကုန်ထုတ်ရမည့် အခြေအနေဖြစ်လာသည်။

ဒဏ်ရာရ

ပထမအကျော့ မန်ယူနှင့် အိုးထရက်ဖို့ဒ်၌ ကစားခဲ့ရသော ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွင် အေစီမီလန်မှ အဓိက ကစားသမားနှစ်ဦးဖြစ်သော နောက်ခံလူ ဂန္ဓဝင်ဘောလုံးသမားကြီး မာလ်ဒီနီနှင့် ကွင်းလယ်ဝါရင့် ကစားသမားဂတ်တူဆိုတို့ ခြေထောက်ဒဏ်ရာများ ရရှိခဲ့ကြသည်။

အဓိကအား

လောလောဆယ်အချိန်၌ ဂတ်တူဆိုမှာ ဒဏ်ရာသက်သာလာပြီး မန်ယူနှင့် ပွဲတွင် ပြန်လည်ကစားနိုင်မည့် အနေအထားရှိနေသော်လည်း မာလ်ဒီနီမှာမူ ကစားနိုင်ရန် မသေချာချေ။ အေစီမီလန်နည်းပြ အန်ဆယ်လော့တီကလည်း **"မာလ်ဒီနီနဲ့ ဂတ်တူဆိုတို့ နှစ်ဦးစလုံး ကစားနိုင်ရင်တော့ အကောင်းဆုံးပါ။ ဒါပေမယ့် ဂတ်တူဆိုပဲ ကစားနိုင်မယ့် အနေအထားရှိပါတယ်။ သူတို့ဟာ အေစီမီလန်ရဲ့ အဓိက မောင်းနှင်အားတွေပါပဲ။ အေစီမီလန် အောင်ပွဲရဖို့ သူတို့လို အတွေ့အကြုံရင့်ကျက်ပြီး တစ်သင်းလုံး ကစားအားကို ထိန်းချုပ်နိုင်တဲ့သူတွေ ပါရှိရမှာဖြစ်ပါတယ်"**ဟု ပြောကြားသည်။

နှစ်ဆကြိုးစား

ပြိုင်ဘက် မန်ယူနှင့်ပတ်သက်၍လည်း အန်ဆယ်လော့တီက **"မန်ယူတို့က ပရီမီယာလိဂ်မှာ အဲဗာတန်ကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိန်မှာ မန်ယူရဲ့ ပြိုင်ဘက် ချယ်လ်ဆီးက သရေပွဲဖြစ်သွားတာမို့ ပရီမီယာလိဂ်ဖလားအတွက် မန်ယူမှာ ဖိအားသိပ်မရှိတော့ပါဘူး။ ဒါဟာ ကျွန်တော်တို့အတွက်တော့ ထိုးနှက်ချက်တစ်ခုလိုဖြစ်လာတာပါပဲ။ မန်ယူဟာ ဖိအားကင်းကင်းနဲ့ ကျွန်တော်တို့ကို လာရောက်ယှဉ်ပြိုင်မှာမို့ အေစီမီလန်ဟာ အရင်ကထက် နှစ်ဆပိုပြီး ကြိုးစားရတော့မှာပါ"** ဟုလည်း သုံးသပ်ပြောကြားသည်။

အံ့မခန်း

ထို့အပြင် မန်ယူအသင်းကစားပုံနှင့်ပတ်သက်၍ အန်ဆယ်လော့တီက **"မန်ယူအသင်းဟာ ကစားအားကောင်းတဲ့ အသင်းဖြစ်ပြီး လူငယ်ဘောလုံးသမားတွေရဲ့ ကြိုးစားမှုကလဲ အံ့မခန်းပါပဲ။ သူတို့ဟာ ရဲရဲဝံ့ဝံ့ ထိုးဖောက်ကစားနိုင်ကြပြီး ဂိုးလဲရအောင် သွင်းနိုင်ကြသူတွေပါ"** ဟု ဆက်လက်ပြောကြားသည်။

အနိုင်ကစားမည်

အေစီမီလန်တွင် ကာကာနှင့် ဆီးဒေါ့ဖ်တို့၏ အနေအထားနှင့် ပတ်သက်ပြီး အန်ဆယ်လော့တီက **"အေစီမီလန်ရဲ့အားအကိုးရဆုံး ကစားသမားတွေပါပဲ။ သူတို့ရဲ့အားနဲ့ မန်ယူကို အနိုင်ကစားသွားမှာပါ။ ကာကာဟာ တကယ်ထူးချွန်တဲ့ ဘောလုံးသမားဖြစ်ပြီး မျှော်လင့်မထားတဲ့အချိန်မှာ ဂိုးရအောင် သွင်းယူနိုင်သူပါပဲ။ အခုဆိုရင် မန်ယူရဲ့ အားသာချက်၊ အားနည်းချက်တွေကို ကျွန်တော်တို့ သိရှိထားပါပြီ။ အိမ်ကွင်းမှာ ကျွန်တော်တို့ အခွင့်အရေးကောင်းတွေရရှိမယ်လို့ ယုံကြည်ထားပါတယ်"**ဟု ပြောကြားသည်။

ပွဲကြီးပွဲကောင်း

အေစီမီလန်နှင့် မန်ယူတို့၏ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့သည် နှစ်သင်းစလုံးအတွက် အလွန်အရေးကြီးသော ပွဲစဉ်ဖြစ်ရာ ပွဲကြီးပွဲကောင်းတစ်ခုအဖြစ် မြင်တွေ့ရမည်ဖြစ်ပါကြောင်း။

(ကိုးကား-အင်တာနက်)

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ဘော်လ်တန်အသင်းနည်းပြ ဆမ်အလာဒိုက်စ်သည် ရှစ်နှစ်တာတာဝန် ထမ်းဆောင်ခဲ့ပြီးနောက် နည်းပြအဖြစ်မှ နုတ်ထွက်သွားပြီဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။**

* ချယ်လ်ဆီးကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်နှင့် နောက်တန်းကစားသမား ကာဗယ်ဟိုတို့သည် လီဗာပူးအသင်းနှင့် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲကစားမည့် အင်္ဂါနေ့ပွဲစဉ်တွင် လွဲလိမ့်မည်ဖြစ်ကြောင်း ချယ်လ်ဆီးအသင်းက ပြောကြားသည်။

* **အာဆင်နယ် အမျိုးသမီးဘောလုံးအသင်းသည် ယူမီယာအသင်းကို နှစ်ပွဲပေါင်းရလဒ် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗြိတိသျှအသင်းများမှ ပထမဆုံး ယူအီးအက်ဖ်အေဖလား ဆွတ်ခူးနိုင်သည့် အသင်းဖြစ်လာသည်။**

* ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၃၁) ပြိုင်ပွဲများကို ဧပြီ၂၈ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ စတုဂတ်အသင်းသည် ဂလက်ဘက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပြီး အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှဦးဆောင်နေသော ရှော့လ်ကေးအသင်းနောက်မှ တစ်မှတ်အကွာဖြင့် ကပ်၍လိုက်လာပြီဖြစ်သည်။ **(အင်တာနက်)**

စပိန်လာလီဂါ ပွဲစဉ်(၃၂)အပြီး ဘာစီလိုနာအသင်း ထိပ်ဆုံးမှဦးဆောင်

မက်ဒရစ် ဧပြီ ၃၀

စပိန်လာလီဂါပွဲစဉ်(၃၂) ဘောလုံးပြိုင်ပွဲများကို ဧပြီ ၂၉ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ ဆီဗီလာအသင်းသည် အက်စ်ပန်ညိုအသင်းကို အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အမှတ်ပေးဇယား ဒုတိယနေရာသို့ တက်လာခဲ့သည်။

ဆီဗီလာအသင်းသည် ၃၂ပွဲကစား ၁၈ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးဖြင့် ရမှတ် ၆၁မှတ်ဖြင့် ဦးဆောင်နေခြင်းဖြစ်သည်။ ဆီဗီလာတို့ လာလီဂါတွင် ခြေစွမ်းပြနေသော်လည်း မကြာမီက ကစားခဲ့သည့် ယူအီးအက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ပထမအကျော့တွင် အိုဆာဆူနာကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားခဲ့သည်။

ထိုနေ့က ဘာစီလိုနာအသင်းသည် လီဗန်တေးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်လျက်ရှိသည်။

ထို့အပြင် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသည် ဘီဘာအို၏ အိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင် ကစားရာ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုနှစ် စပိန်လာလီဂါပြိုင်ပွဲသည် ထိပ်ပိုင်းအသင်းများ၏ ရမှတ်များမှာ ကပ်နေသဖြင့် ဖလားရမည့်အသင်း ခန့်မှန်းရန် ခက်ခဲနေဆဲဖြစ်သည်။

အခြားပွဲရလဒ်များ

ဆဲလ်တာဗီဂို ၀	-	၃ မာလော့ကာ
ဂီတာဖေးလ် ၁	-	၀ ဆိုစီဒက်
ဂျင်နက်စတစ် ၀	-	၃ ဗီလာရီးရဲ
အိုဆာဆူနာ ၂	-	၂ ရီးရဲဇာရာဂိုဇာ
ရေးဆင်း ၀	-	၀ ဒီပို့တီဗို

(အင်တာနက်)

ထိုးဖောက်ယှဉ်ပြိုင်

ဆီဗီလာအသင်းမှ ကာဇာကော့ဗ်(ယာ)၏ ထိုးဖောက်ယှဉ်ပြိုင်မှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

ကိုးကားတင်ပြသူ မြင့်မောင်စိုး

အာဆင်နယ်အသင်းအတွက် ဘာတစ္စတာ အနိုင်ဂိုးသွင်းယူပြီး ကစားဖော်များနှင့်အတူ ဤသို့ အောင်ပွဲခံခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

အာဆင်နယ်၏ နောက်ကျဂိုး နှစ်ဂိုးကြောင့် ဖူလ်ဟမ်တို့ ရှုန်းကန်ကြိုးစားနေဆဲဖြစ်

လန်ဒန် ဧပြီ ၃၀

ပရီမီယာလိဂ် ပွဲစဉ် (၃၆) လက်ကျန်ပွဲအဖြစ် အာဆင်နယ်အသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဖူလ်ဟမ်အသင်းသည် အာဆင်နယ်၏ ပွဲပြီးခါနီးတွင် သွင်းယူခဲ့သော နှစ်ဂိုးကြောင့် အမှတ်ပေးဇယား အောက်ခြေမှ ရုန်းထွက်ရန် ကြိုးစားနေရဆဲဖြစ်သည်။

ဂိုးသွင်းယူ

အာဆင်နယ်တို့ ပရီမီယာလိဂ်ဖလား မျှော်လင့်ချက်ကုန်ဆုံးခဲ့ပြီဖြစ်သော်လည်း လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့သည်။

အာဆင်နယ်အသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို ဘာတစ္စတာက အဒီဘာယောပေးပို့သည့် ဘောလုံးမှတစ်ဆင့် စောစီးစွာဂိုးသွင်းယူထားနိုင်ခဲ့သည်။

လေးမန်းအမှား

အာဆင်နယ်အသင်းသည် ပထမပိုင်းတွင် ဂိုးသွင်းခွင့်များစွာရသော်လည်း ဂိုးရအောင်မသွင်းယူနိုင်ခဲ့ပေ။ သို့သော်လည်း စီမွန်ဒေးဗစ်က အာဆင်နယ်ဂိုးသမား လေးမန်း၏ အမှားကို အသုံးချပြီး ဖူလ်ဟမ်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။

ပွဲပြီးခါနီးတွင် အဒီဘာယောနှင့် ဂျီဘာတိုတို့က တစ်ဂိုးစီသွင်းယူခဲ့ကြသဖြင့် ပွဲအပြီး အာဆင်နယ်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

စီးရီးအေပွဲစဉ်(၃၄)အနိုင်အရှုံး

အက်စ်ကိုလီ	၂	-	၃	ရက်ဂျီးနား
လီဗော်နို	၁	-	၂	ပါလာမို
မက်ဆီနာ	၀	-	၀	အတ္တလန္တာ
ပါးမား	၂	-	၁	ကာဂလီယာရီ
ရိုးမား	၀	-	၀	လာဇီယို
ဆီနာ	၀	-	၂	ဆမ်ဒိုးရီးယား
အူဒီးနိစ်	၀	-	၁	ကာတန်နီယာ

(အင်တာနက်)

ပထမအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ကလေးတရားပွဲ

'သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား' ယုံမှားပယ်တတ်၊ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန်စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ပထမအကြိမ် ကလေးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရားဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
ပထမကျော် ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက	၁၃၆၉ ခု ကဆုန်လပြည့်ကျော် ၃ ရက်မှ ၄ ရက် ကြာသပတေးနေ့နှင့် သောကြာနေ့ (၃-၅-၂၀၀၇)မှ (၄-၅-၂၀၀၇)အထိ

တရားပွဲ အစီအစဉ်

ကျင်းပမည့်နေ့ရက်	ကျင်းပမည့်နေရာ	ကျင်းပမည့်အချိန်
၁၃၆၉ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့မှ ၄ ရက်နေ့အထိ ၂၀၀၇ခုနှစ် မေလ ၃ ရက်နေ့မှ ၄ ရက်နေ့အထိ	မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။	ညစဉ် ၇း၀၀ နာရီ

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၃၀

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် ၁၃၆၉ ခုနှစ် ကဆုန်လပြည့် (တနင်္လာနေ့)တွင် ညောင်ရေသွန်းပွဲတော် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မဟာစည်ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။ **(အပေါ်ပုံ)**

မင်္ဂလာအခမ်းအနားကို ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿသုံးကြိမ် ရွတ်ဆိုကာဖွင့်လှစ်ပြီး ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကဝိဓဇ (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်မြတ်က ညောင်ရေသွန်းတရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူသည်။ ထို့နောက် ဆွမ်းအလှူရှင် ဦးထွန်းရင်ဦး-ဒေါ်စိန်ခိုင် မိသားစု စသော အလှူရှင်အမည်များကို ဒေါက်တာတင်ခိုင်မြင့်က ဖတ်ကြားကြေညာပြီး ဂုဏ်ပြုလွှာချီးမြှင့်သည်။

ဆက်လက်၍ ဆရာတော်အမှူးပြုသော သံဃာတော်များ၊ ယောဂီဧည့်ပရိသတ်များက **"ယဿမုလေ နိသိန္နောယော"** အစချီသော ညောင်ရေသွန်း ဂါထာတော်များ၊ ဗောဓိရက္ခဂီတိရှစ်လုံးဘွဲ့ကဗျာများရွတ်ဆို၍ ကျောင်းပရဝဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

NLD ဗဟိုသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိ၊ ခေါင်းဆောင်များစိတ်ဝမ်းကွဲနေ စစ်ကိုင်းမြို့နယ်မှပါတီဝင်လေးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဧပြီ ၃၀

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော အင်းစကျေးရွာအုပ်စုမှ ဦးဘုန်းကျော်၊ ဦးလှမြင့်၊ ဦးသောင်းဌေးနှင့် ဦးချမ်းမောင်တို့ လေးဦးသည် မတ် ၁၅ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ကိုယ်ကျိုးအတ္တကြီး

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့တာဝန်ထမ်းဆောင်ခဲ့သည့်ကာလတစ်လျှောက် NLDဗဟိုသည် တိကျပြတ်သားသော နိုင်ငံရေးလမ်းစဉ်မရှိခြင်း၊ ခေါင်းဆောင်များ စိတ်ဝမ်းကွဲနေခြင်း၊ ဒေသဖွံ့ဖြိုးရေးကို ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်မှုမရှိခြင်း၊ ပါတီခေါင်းဆောင်များသည် အာဏာမက်မောပြီး အာဏာရရှိရေးကို အဓိကထား၍ ကိုယ်ကျိုးအတ္တကြီးမားစွာ ဆောင်ရွက်နေခြင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ အရည်အချင်းနည်းပါးပြီး နိုင်ငံရေးအချောင်လိုက် နေခြင်းများကြောင့် ပါတီတာဝန်များကို ဆက်လက်ဆောင်ရွက်လိုစိတ် မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

မုန်တိုင်းများကြောင့် မဒါဂတ်စကာ၌ လူ ၁၅၀ သေဆုံးခဲ့ရ

အင်တာနာနာရီဗို ဧပြီ ၃၀

မကြာသေးသည့်လများက အိန္ဒိယသမုဒ္ဒရာကျွန်းနိုင်ငံဖြစ်သည့် မဒါဂတ်စကာမြောက်ပိုင်းသို့ ဆိုက်ကလုန်းမုန်တိုင်းခြောက်ကြိမ် ဝင်ရောက်တိုက်ခတ်ခဲ့မှုတွင် မြစ်ရေများမြင့်တက်မှုကြောင့် မြစ်ကမ်းပါးနေ ကျေးရွာများ ရေကြီးမှု ဖြစ်ပေါ်ခဲ့ရာမှ အနည်းဆုံးလူ ၁၅၀ သေဆုံးသွားခဲ့ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးက ဧပြီ ၂၉ ရက်၌ ပြောကြားလိုက်သည်။

အင်ဒလာလာအမည်ရှိသော မုန်တိုင်းသည် ပြီးခဲ့သည့်လက မဒါဂတ်စကာသို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာတွင် နေအိမ် ၁၃၀၀၀ ပျက်စီးသွားပြီး သီးနှံစိုက်ခင်းဟက်တာ ၄၀၀၀ ပျက်စီးသွားကြောင်း၊ အခြားမုန်တိုင်း ငါးခုမှာ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလလယ်မှစ၍ တိုက်ခတ်ခဲ့ကြောင်း အဆိုပါကုလသမဂ္ဂ၏ ယူနီဆက်ဖ်ဌာနေကိုယ်စားလှယ် ဘရူနီမေးစ်က ရိုက်တာသို့ ပြောကြားသည်။

ဘယ်လ်ဂျီယံအနောက်ပိုင်း၌ ရထားနှစ်စင်းတိုက်မိ

အစ်ဇီဂျမ် ဧပြီ ၃၀

ဘယ်လ်ဂျီယံနိုင်ငံ အနောက်ပိုင်း အစ်ဇီဂျမ်မြို့ ဘူတာ၌ ဧပြီ ၂၆ ရက်က ရထားနှစ်စင်းတိုက်မှုဖြစ်ပွားခဲ့ရာ လူသုံးဦးဒဏ်ရာပြင်းထန်စွာ ရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါရထားနှစ်စင်းတိုက်မှုသည် ဧပြီ ၂၆ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ခရီးသည်များတင်ဆောင်လာခြင်းမရှိသော ရထားတစ်စင်းက စကြံတွင် ရပ်ထားသော ရထားတစ်စင်းကို နောက်မှဝင်တိုက်မိခြင်းဖြစ်သည်။ (အောက်ပုံ)

မြန်မာ့ရုပ်မြင်သံကြား

၁-၅-၂၀၀၇ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချို့အေး မင်္ဂလာတေး
- ၇း၅၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၀၅ ၇။ အကပြိုင်ပွဲ
- ၈း၁၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈း၂၅ ၉။ လှပခံ့ညား ဖျာပုံတံတား
- ၈း၃၀ ၁၀။ International News
- ၈း၄၅ ၁၁။ Let's Go

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use
- ၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
- ၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၇း၁၅ ၆။ **သူငယ်ချင်းမရှိတဲ့ဥပဒေ** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေကရီကျော်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)
- ၁၇း၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈း၀၀ ၈။ ညနေခင်းသတင်း
- ၁၈း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈း၅၀ ၁၁။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၁၉း၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သစ္စာ ဘဝပင်ခြားသော်လည်း** (အပိုင်း-၁၅)
- ၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၆)

ငွေရတုဆုတောင်းလွှာ

ချစ်ပါးပါး **ဦးစိုးတင့်** (ညွှန်ကြားရေးမှူး၊ ဧရာဝတီတိုင်း စည်ပင်)-ချစ်မားမား **ဒေါ်ခင်ဝင်းကြည်**တို့၏ ၁-၅-၂၀၀၇ တွင် ကျရောက်သော ငွေရတုမင်္ဂလာ ရက်မြတ်မှသည် နောင်ရတုပေါင်းများစွာတိုင် ချစ်သား၊ သမီးများနှင့်အတူ အောင်မြင်ပျော်ရွှင်မှုများ ထာဝရ ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သား၊သမီးများ-ကေဇင်၊ ချိုဇင်၊ ဖိုးသား၊ ဆွိတီ။

ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်မှူးကြီးသန်းညိန်း(ငြိမ်း) (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)နှင့် **ချစ်မေမေ ဒေါ်ခင်သွယ်သွယ်မြင့်** (ညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏ **၁-၅-၂၀၀၇** ရက်နေ့တွင်ကျရောက်သော **ပုလဲရတုမင်္ဂလာရက်မြတ်**မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သားသမီးများနှင့်အတူ ပျော်ရွှင်စွာလက်တွဲ၍ အမျိုးဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားကြီး-ဗိုလ်ကြီးနိုင်ညိန်း M.B.,B.S. M.Med Sc (Ophth) +
ဒေါက်တာနိုင်သူဇာဝင်း M.B.,B.S. M.Med Sc (Ophth)
သားငယ်-ချမ်းညိန်း (Final Part II) M.B.,B.S.

အမည်ပြောင်း

အဖဦးအောင်သန်း အမိဒေါ်ကြည်ကြည်ခိုင်တို့၏သားဖြစ်သူ ရွှေပေါက်ကံ အထက-၆ အဋ္ဌမတန်း(B)မှ မောင်ယုယအား မောင်မင်းခန့်ကိုဟု ခေါ်ပါရန်။ **မောင်မင်းခန့်ကို။**

အမည်ပြောင်း

ဦးကျော်ကျော်မိုး၏သမီး အထက (၁)၊ ရန်ကင်း၊ Grade-8(A)မှ မအေးသန္တာထွန်းအား မမေသီရိကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မမေသီရိကျော်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးစိုးဝင်း၏ နိုင်ငံကူးလက်မှတ် အမှတ် ဝ၆၅၆၈၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၁-၁၁၅၂၀။

အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့နေ ဒေါ်မြအေးစိန်၏သား မောင်ငွေစိုး ၃/ဘသဆ(နိုင်)၀၀၀၄၆၁ နှင့် သမီး မဖြူသွယ်စိုး ၁၀/သဖရ(နိုင်)၁၁၄၄၃၃ တို့သည် အိမ်ရှိပစ္စည်းများကို ယူဆောင်သွားခြင်း၊ မိဘအပေါ်စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း စသည်တို့ကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ပါ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

ဒေါ်မြအေးစိန် ၁၀/ရမန(နိုင်)၀၃၆၉၆၈။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ဇီးဖြူကုန်းရွာနေ
(ဦးညိုဆောင်)-ဒေါ်ထွေးကြည် တို့၏သား

ဒေါက်တာမျိုးမြင့်အောင်

B.Sc (Hons.), M.Sc, Ph.D (Physics)

လက်ထောက်ကထိက၊ ရူပဗေဒဌာန၊ ရတနာပုံတက္ကသိုလ်

နှင့်

မကွေးတိုင်း၊ မကွေးမြို့၊ ပွဲကြိုရပ်၊ ၁၅ လမ်း၊ အမှတ်(ဂ/၁၄၈)နေ
ဦးထွန်းဆိုင်(မကွေးတိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)-
ဒေါ်စန်း(ရတနာထွန်းပွဲရုံနှင့် ဆီစက်လုပ်ငန်း)တို့၏ သမီးထွေး
ရန်ကုန်မြို့၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ထွန်းလင်းရိပ်သာလမ်းထိပ်၊ အမှတ် ၁၅(ခ)နေ

မမော်မော်ညို

B.Sc, M.Sc(Q.II), (Physics)

မော်အလှပြင်ခန်းမနှင့်ဓာတ်ပုံတိုက်

တို့၏ ၆-၄-၂၀၀၇ ရက် (သောကြာနေ့)၌ မကွေးမြို့ 'မော်'အလှပြင်ခန်းမနှင့် ဓာတ်ပုံတိုက်တွင်ကျင်းပသော စေ့စပ်ကြောင်းလမ်းခြင်း မင်္ဂလာအခမ်းအနားနှင့် ၂၆-၄-၂၀၀၇ ရက် (ကြာသပတေးနေ့)၌ မကွေးမြို့ မြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကြွရောက်၍ မင်္ဂလာစံပယ်ကုံးဆင်မြန်းပေးသော မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်ဇနီး ဒေါ်စမ်းစမ်းမြင့်၊ မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းပေးသော အခြေခံကျန်းမာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်ခင်နှင့် ဇနီး ဒေါ်အေးအေးမြင့်၊ မကွေးကုန်သည်၊ ပွဲစား၊ စက်ပိုင်များအသင်း၊ မြသလွန်ဘုရားဥပုသ်အသင်း၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ပြင်ဆင်ပေးသော မိတ်ကပ်ရွှေကြည်နှင့်'မော်'အလှပြင်အဖွဲ့၊ ပန်းအခမ်းအနားပြင်ဆင်ပေးသော မလေးရှားသန်းမြင့်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို မိုးကိုဦးနှင့် အဖွဲ့၊ 'မော်'ဓာတ်ပုံနှင့် ဗီဒီယိုအဖွဲ့၊ ဝင်းခေတ်အောင်ဗီဒီယိုအဖွဲ့၊ အခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူများအားလုံးနှင့် ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာမျိုးမြင့်အောင်-မမော်မော်ညို။

ငွေရတုအကြိုမင်္ဂလာဆုမွန်

ချစ်ဖေဖေ **ဗိုလ်မှူးကြီးမျိုးမြင့်**(တော၈-၈)နှင့် ချစ်မေမေ **ဒေါ်မာမာဦး(တူးမာ)** (အရိပ်သစ်ပျိုးဥယျာဉ်၊ နေပြည်တော်)တို့၏ ၁-၅-၂၀၀၇ ရက်တွင်ကျရောက်သော (၂၃)နှစ်မြောက် ငွေရတုအကြို မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား ချစ်သမီးတို့နှင့်အတူ နိုင်ငံတော်နှင့် သာသနာ့အကျိုး ဆတိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်သားကြီး ရန်မျိုးအောင်
(ကွန်ပျူတာတက္ကသိုလ်) Air Bagan
ချစ်သမီးငယ် မျိုးမြတ်ရတနာ(ခ)နေခြည်မျိုးမြင့်
ပထမနှစ်၊ စိုက်ပျိုးရေးတက္ကသိုလ်။

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ

ချစ်သောဒယ်ဒီ **ဗိုလ်မှူးသာထွန်းဖဲ(ငြိမ်း)**နှင့် ချစ်သောမာမား **ဒေါ်မေစန္ဒာဝင်း**တို့၏ ၁-၅-၂၀၀၇ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မှသည် ရွှေရတုမင်္ဂလာ၊ စိန်ရတုမင်္ဂလာသို့တိုင်အောင် ချစ်သောသား၊ သမီးများနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြီးပြည့်စုံလျက် ဘဝခရီးတစ်လျှောက် အေးချမ်းစွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်သောသမီးကြီး - ဒေါက်တာရည်မွန်ထွန်း
M.B,B.S(YGN)

ချစ်သောသမီးငယ် - မချိုမီထွန်း
Final Yr,'E'Major,LCCI(Level III)

ချစ်သောသားထွေး - မောင်ဘုန်းမြင့်
(1st Yr, Zoology, Dip in IDCS)

ငွေရတုမင်္ဂလာဆုမွန်လွှာ

မေတ္တာ၊ ကရုဏာ၊ အကြင်နာကြီးမားစွာဖြင့် သား၊ သမီးတို့၏ဘဝကို ပြုစုပျိုးထောင်ပေးခဲ့သော ချစ်ဖေဖေ **ဦးဝင်းမြင့်(ခ)ဦးပေါက်စ** နှင့် ချစ်မေမေ **ဒေါ်လှဲဝါ(ခ)ပုပု**တို့၏ ၁-၅-၂၀၀၇ ရက်တွင်ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သားသမီးများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သော ဘဝခရီးကို လျှောက်လှမ်းရင်း လောကီလောကုတ္တရာအကျိုးကို ဆတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်မမ - **ဒေါ်ခင်ရီ(သုံးဆယ်မြို့)**
ချစ်သား - **မောင်ဖြိုးစည်သူ B.Sc (Physic)**
ချစ်သမီး - **မဝင့်ဝါဖြိုး**
ချစ်တူမ - **မကေခိုင်အောင်အောင်ကျော်**
MCSC (Computer Science)။

လူပျောက်

မုံရွာမြို့နေ အဖဦးဘိုထွန်း-အမိဒေါ်စန်းစန်းဝင်းတို့၏သား မောင်အောင်သူ (၉)နှစ်နှင့် အဖ ဦးခင်မောင်ဝင်း-အမိဒေါ်လှလှဝင်းတို့၏သား မောင်သန့်ဇင်ဝင်း (၁၀)နှစ်တို့ နှစ်ယောက်သည် သင်္ကြန်အကြတ်နေ့က တာမွေ ဦးချစ်မောင်လမ်းမပေါ်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပြန်လည်ပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ကျေးဇူးဆပ်ပါမည်။ **ဝင်းရွှေဝါကဖီး**
အမှတ် ၂၄၊ ၁၆၇ လမ်း၊ တာမွေ၊ ဖုန်း-၅၄၃၆၂၉။

အများသိစေရန်ကြော်ငြာ

တောင်ကြီးမြို့နေ ဦးကျော်ဝင်း ၁၃/တကန (နိုင်) ဝ၆၂၇၆၄က ဦးထွန်းဝင်း ၁၃/တကန (နိုင်) ၀၂၁၃၀၉ သို့ လွှဲအပ်ပေးထားသည့် အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၆၄/၂၂-၂-၂၀၀၆)ကို ယနေ့မှစ၍ နှစ်ဦးသဘောတူ ပြန်လည်ရုပ်သိမ်းပယ်ဖျက်လိုက်ပါကြောင်း အများသိစေရန် ကြော်ငြာလိုက်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးမွန်(အထက်တန်းရှေ့နေ)

မီးသတိပြု

စစ်ကိုင်းတိုင်း မြို့နယ်အချို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၃၀

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် မြဝတီရပ်ကွက်၌ ဧပြီ ၂၉ ရက် ညသန်းခေါင်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ် ၁၃ လုံး မီးလောင်ဆုံးရှုံးပြီး လူ ၅၃ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ဆုံးရှုံး

စစ်ကိုင်းတိုင်း လဟယ်မြို့နယ် ရှိတ်ပါးကျေးရွာ၌ ဧပြီ ၂၉ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်လေးလုံး မီးလောင်ဆုံးရှုံးပြီး လူနှစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေပြင်းတိုက်ခတ်မှုသတင်း

ရန်ကုန် ဧပြီ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ကျောက်တစ်လုံးမြို့ နောင်တိမ်အနောက်ရွာ၌ ဧပြီ ၂၇ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် အိမ် ၁၀ လုံး အမိုး၊ အကာအချို့ လွင့်ပါပျက်စီးခဲ့သည်။

ပြိုကျပျက်စီး

ဧပြီ ၂၈ ရက်တွင်လည်း ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် မအူတန်းကျေးရွာအရှေ့ပိုင်း၌ လေပြင်းတိုက်ခတ်မှုကြောင့် အိမ်အချို့ ပြိုကျပျက်စီးခြင်း၊ အမိုးများ လေလွင့်ခြင်းဖြစ်ပွားပြီး ပဲခူးတိုင်းပြည်မြို့နယ် ဝက်ထီးကန်မြို့ ကျေးရွာအချို့၌ အဆောက်အအုံအချို့ သွပ်ချပ်များ လွင့်ထွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်ဉာဏ်ပြန်ကောင်းသည့်နည်းလမ်းနှင့်ဆေးဝါး သိပ္ပံပညာရှင်များတွေ့ရှိ

အင်တာနက်-ကျန်းမာရေး

လန်ဒန် ဧပြီ ၃၀

ဦးနှောက်ကိုနှိုးဆွပေးခြင်း သို့မဟုတ် ဆေးဝါးကုသပေးခြင်းဖြင့် မှတ်ဉာဏ်ချို့ယွင်းမှု ဇရာရောဂါကဲ့သို့သော ဦးနှောက်ပိုင်းဆိုင်ရာ ရောဂါများကို သက်သာပြီး မှတ်ဉာဏ်ပိုရှိစေနိုင်ကြောင်း သိပ္ပံပညာရှင်များက စမ်းသပ်တွေ့ရှိထားသည်။

စမ်းသပ်တွေ့ရှိ

အယ်လ်ဇိုင်းမားခေါ် မှတ်ဉာဏ်ချို့ယွင်းမှု ဇရာရောဂါမျိုးနှင့် အလားတူ ဦးနှောက်ပိုင်းဆိုင်ရာ ရောဂါများ အခြေအနေ သက်သာလာကြောင်းကို သိပ္ပံပညာရှင်များက ကြွက်များအား စမ်းသပ်ရာ၌ တွေ့ရှိရသည်။

ဖော်ပြ

မက်ဆာချူးဆက် စက်မှုသိပ္ပံမှ ပညာရှင်များက ထိုနည်းလမ်းနှစ်မျိုးစလုံး အလုပ်ဖြစ်သည်ကို တွေ့ရှိပြီး ၎င်းတို့၏ တွေ့ရှိချက်များကို ဗြိတိန်သဘာဝဂျာနယ်၌ ရေးသားဖော်ပြထားသည်။ **(ကိုးကား-အင်တာနက်)**

ဦးမောင်မောင်ကြီး-ဒေါ်ခင်ဦး တို့အား ရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင် မြို့နယ် ၈ ရပ်ကွက် ရေကျော် ဇီဇဝါလမ်း အမှတ်၃၃နေ သားသမီး မြေး မြစ်တစ်စုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း(ဖုန်း ၀၁ - ၂၂၂၂၇၇/၇၈/၇၉)ရှိ မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်ဆည်မြို့ မနောသုခစပါး ကွင်းပိတ်စိုက်ပျိုး ခရိုင်ဥက္ကဋ္ဌ ဓာတ်မြေသြဇာကြဲပက်မှု ကြည့်ရှုအားပေး

ကျောက်ဆည် ဧပြီ ၂၂

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်၏ ၂၀၀၆-၂၀၀၇ နွေစပါး ကွင်းပိတ်ပွဲ အခမ်းအနားကို ကျောက်ဆည်မြို့နယ် တောင်နောက်ကျေးရွာကွင်းအမှတ်(၁၄၆) ဦးပိုင်အမှတ်(၁၆/၄) တောင်သူဦးလှမြင့် လယ်မြေတွင် ဧပြီ၇ရက် နံနက် ၈နာရီက ကျင်းပသည်။

တက်ရောက်

ကွင်းပိတ်ပွဲသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ အတွင်းရေးမှူးဦးမောင်မောင်၊ အဖွဲ့ဝင် ဒုတိယရဲမှူးကြီးအေးထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်ညှိနှိုင်းမှုကော်မတီဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မီးသတ်တပ်ဖွဲ့၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ၊ ကောက်စိုက်သမများ တက်ရောက်အားပေးကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူက ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါး စိုက်ပျိုးပြီးစီးမှုနှင့် နွေစပါးကွင်းပိတ်ပွဲ အခြေအနေများကို ခရိုင်ဥက္ကဋ္ဌအား ရှင်းလင်းတင်ပြရာ ခရိုင်ဥက္ကဋ္ဌက လိုအပ်သည်များဆောင်ရွက်ရေးမှာကြားပြီး တောင်သူ ဦးလှမြင့်၏ လယ်မြေ ၁ ဒသမ ၄၇ ဧကတွင် မနောသုခစပါးမျိုးကို ကောက်စိုက်သမများ ကွင်းပိတ်စိုက်ပျိုးနေမှုကိုလည်းကောင်း၊ ဓာတ်မြေသြဇာများ ကြဲပက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော မြင်းခြံ-တလုပ် လမ်းပေါ်ရှိ သာပေါင်း သစ်သား တံတား ဖွင့်ပွဲအခမ်းအနား မတ် ၁၉ ရက်က ကျင်းပစဉ်။

(မြို့နယ်စည်ပင်)

ပန်းမော်မြို့ မိုးလေဝသလမ်း ကတ္တရာလမ်းသစ်ဖွင့်

ဗန်းမော် ဧပြီ ၁၂

ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက် မိုးလေဝသလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ရက် နံနက် ၈နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးမြတ်စိုးက မိုးလေဝသလမ်း ကတ္တရာလမ်းခင်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို သက်ဆိုင်ရာ တာဝန်ရှိသူများသို့ ပေးအပ်သည်။

ဖွင့်လှစ်

ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစိုးဝင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးစိုးဝင်းနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များနှင့် ပြည်သူများ တက်ရောက်ကြပြီး ကတ္တရာလမ်းသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးမြတ်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ကတ္တရာလမ်းသစ်ကို ကြည့်ရှုကြသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

ရမည်းသင်းမြို့နယ်၌ နွေစပါးထွန်တုံးပိတ်စိုက်ပျိုး

ရမည်းသင်း ဧပြီ ၂၃

ရမည်းသင်းမြို့နယ် ၂၀၀၇ ခုနှစ် နွေစပါးထွန်တုံးပိတ်ပွဲကို ဧပြီ ၁၀ရက် မွန်းလွဲပိုင်းက ရမည်းသင်းမြို့နယ် အင်းကြင်းကန်ကျေးရွာရှိ ကွင်းအမှတ် (၁၁၁၄/၁၅) တောင်သူ ဒေါ်ခင်သိန်း၏ လယ်ယာမြေတွင် ကျင်းပခဲ့ပြီး နွေစပါး စိုက်ပျိုးထားသည့် လယ်မြေများအတွင်း ဓာတ်မြေသြဇာ ကြဲပက်ခြင်းကို ဆက်လက် ကျင်းပသည်။

အခမ်းအနားသို့ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးတာဝန်ခံများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက် အားပေးကြသည်။

ဆက်လက်၍ ခရိုင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများက ရမည်းသင်းမြို့နယ်အတွင်း နွေစပါးစိုက်ဧက ၂၄၄၁ ဧက စိုက်ပျိုးထားမှုများကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြက်ငှက်တုပ်ကွေး ထိန်းချုပ်ရေး ပညာပေးဆွေးနွေး

မိုးမောက် ဧပြီ ၁၂

မိုးမောက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကြက်ငှက် တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးပညာပေး ညှိနှိုင်းအစည်းအဝေးကို မတ် ၃၁ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာရဲနိုင်ထွန်းက ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တိရစ္ဆာန်ကျန်းမာရေး အစဉ်သတိပြု စောင့်ရှောက်ရေး အစီအမံများနှင့် ဇီဝလုံခြုံမှုရှိရေး ဆောင်ရွက်ရန်များ၊ ရောဂါဖြစ်ပွားပါက အချိန်မီသတင်းပို့ရေးနှင့် သတင်းမထိန်ချန်ရေးစသည့် ကြက်ငှက်တုပ်ကွေးရောဂါနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပညာပေး ဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တုံတာမြို့ မိုင်ကာကျေးရွာအဝင် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို မတ် ၂၈ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးထက်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အုတ်တွင်းမြို့ ခိုင်ရွှေဝါ ကတ္တရာလမ်းသစ်ဖွင့်

အုတ်တွင်း ဧပြီ ၁၂

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ခိုင်ရွှေဝါ ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက်က အုတ်တွင်းမြို့ ကြက်သွန်ခင်း ၂ ရပ်ကွက် ခိုင်ရွှေဝါလမ်းထိပ်၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ခိုင်ရွှေဝါ ကတ္တရာလမ်းနှင့် ပတ်သက်သော အချက်အလက်များကို အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်က ရှင်းလင်းတင်ပြပြီး လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် ဒုတိယဦးစီးမှူး ဒေါ်ခင်ဆွေဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က အထိမ်းအမှတ် အလံများကို သက်ဆိုင်ရာဌာနများသို့ပေးအပ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရဲအုပ်စောဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်တို့က ခိုင်ရွှေဝါ ကတ္တရာလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(၃၁၆)**

မြို့နယ် သတင်းများ

သုံးခွမြို့၌ ပညာရတနာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

သုံးခွ ဧပြီ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကဒပ္ပနကျေးရွာအုပ်စု အရှေ့တံခွန်တိုင်ကျေးရွာတွင် ကျေးရွာပြည်သူများ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၁၅ သိန်းတန် ပညာရတနာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ၂ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အေးအေးနွဲ့၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းနှင့် ကျေးရွာအဖွဲ့ဝင်(၁) ဦးလှဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အေးအေးနွဲ့နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းတို့က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးညွန့်ရွှေက စာကြည့်တိုက်ရေရှည်တည်တံ့ရေးလုပ်ငန်းစဉ်များ ရှင်းလင်းသည်။

လှူဒါန်း

ထို့နောက် စာကြည့်တိုက်ကော်မတီများ စုပေါင်းလှူဒါန်းသည့် ငွေကျပ် တစ်သောင်းခုနစ်ထောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသည့် စာအုပ်မျိုးစုံ ၁၂၅ အုပ်ကို ကျေးရွာနာယက ဦးလှက စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သီလရှင်ဝတ်မင်္ဂလာနှင့် ဝတ်စုံလှူဒါန်းပွဲကျင်းပ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်

မြိတ် ဧပြီ ၂၀

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော စတုတ္ထအကြိမ်မြောက် သီရှင်ဝတ်မင်္ဂလာနှင့် သီလရှင်ဝတ်စုံ လှူဒါန်းပွဲအခမ်းအနားကို ဧပြီ ၅ ရက် ညနေ ၃ နာရီက မြိတ်မြို့ မဟာစည်သာသနာ့ရိပ်သာကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မဟာစည် ဗုဒ္ဓသာသနာ့ရိပ်သာကျောင်းဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဇောတိကထံမှ တရားတော်များ နာယူကြပြီး တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန်းဌေးနှင့် အဖွဲ့ဝင်များက သီလရှင် ၈၆ ပါးတို့အား သီလရှင်ဝတ်စုံများ လှူဒါန်းကြသည်။

ငါးပါးသီလခံယူ

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များသည် မဟာစည် သာသနာ့ရိပ်သာဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဆိုတော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေး၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဆရာတော်၊ သံဃာတော်နှင့် သီလရှင်အပါး ၁၃၀ တို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး ဆွမ်းဆက်ကပ် လှူဒါန်း၍ ညှော့ပရိသတ်များအား ညှော့ခံကျွေးမွေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဧပြီ ၂ ရက်က မြို့မဈေးမျက်နှာစာတန်း မင်းကျောင်းလမ်း၌ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖြူညွန့်နှင့် ဈေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်အဖွဲ့၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းသရုပ်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော သုံးခွမြို့နှင့်နံယောကျေးရွာ ကျေးလက်ဂဝံလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ရက်က အဆိုပါလမ်းဖွင့်ပွဲမုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၃၇)

ဇီးကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ သက်ကြီးပူဇော် အဘိုးအဘွားများ ခေါင်းလျှော်၊ရေချိုး၊ လှူဖွယ်ပစ္စည်းလှူဒါန်း

ဇီးကုန်း ဧပြီ ၂၂

ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အသက် ၈၀ နှင့် အထက် အဘိုး၊ အဘွားများ သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက်က ဘိုးဘွားရိပ်သာ ခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်၍ ပူဇော်ကြသည်။

လှူဒါန်း

ထို့နောက် ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွား ၂၀ တို့အား နံနက် ၉ နာရီတွင် ခြေသည်း၊ လက်သည်း သန့်ရှင်းပေးခြင်း၊ ခေါင်းလျှော်ရေချိုးခြင်းတို့ကို ဆောင်ရွက်ပေးကြပြီး မွန်းလွဲပိုင်းတွင် ဘိုးဘွား ၂၀ နှင့် မြို့ပေါ် ၅ ရပ်ကွက်အတွင်းမှ တစ်ရပ်ကွက်ကို အဘိုးအဘွား ငါးဦးနှုန်းဖြင့် စုစုပေါင်း ၄၅ ဦးတို့ကို လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ တစ်နေ့တာဆွမ်း လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

(အပေါ်ပုံ) **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မိုးညှင်းမြို့နယ် ကလေးသူငယ်များ ဝက်သက်ကာကွယ်ဆေးထိုးနှံ

မိုးညှင်း ဧပြီ ၁၄

မိုးညှင်းမြို့နယ်တွင်ဝက်သက်ရောဂါကာကွယ်ရေး စီမံချက်လုပ်ငန်းများကို မတ် ၁၇ ရက်မှ ၃၀ရက်အထိ ကျန်းမာရေးဌာန ဝန်ထမ်းများ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်အရာရှိများ၊ ခရိုင်နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီအသင်း၊ မီးသတ်တပ်ဖွဲ့များမှ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်ကြရာ၉၉ ဒသမ ၄ ရာခိုင်နှုန်းအထိ အောင်မြင်ခဲ့သည်။

ထိုးနှံပေး

အဆိုပါဝက်သက်ရောဂါကာကွယ်ရေးအတွက် စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ မိုးညှင်းမြို့နယ်တွင် ကလေးသူငယ် ၁၈၈၁၅ ဦး၊ မိုးကောင်း မြို့နယ်တွင် ကလေးသူငယ် ၁၂၉၆၄ဦး၊ ဖားကန့် မြို့နယ်တွင် ကလေးသူငယ် ၁၆၈၉၈ ဦး တို့အား ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြသည်။ ကာကွယ်ဆေး ထိုးနှံပေးသည့် စုရပ်များသို့ ခရိုင်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဒေါ်စန်းစန်းနှင့်အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့သည်။ **(၁၅၂)**

နွေရာသီဘောလုံး သင်တန်းဆင်းပွဲနှင့်အသက်(၁၃)နှစ်အောက် လူငယ် ဘောလုံးပြိုင်ပွဲကို ဧပြီ ၉ရက်က ညောင်လေးပင်မြို့ အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဒိုင် ဦးဇေယျာထွန်းက ဒိုက်ဦးမြို့နယ် (၁၃)နှစ်အောက် ဘောလုံးအဖွဲ့ အုပ်ချုပ်သူထံဘောလုံးလက်ဆောင် ပေးအပ်စဉ်။ (၁၃၄)

ကားရောင်းမည်

၅၁ ယာဉ်လိုင်း ၄ခ/– ဖုန်း–၆၄၂၆၁၅၊ ၀၉–၅၁–၄၀၆၂၇။

မြေကွက်ရောင်းမည်

ပေ ၄၀ X ပေ ၆၀ ဖော့ကန်၊ အင်းစိန်မြို့နယ်၊ ဖုန်း–၆၄၂၆၁၅၊ ၀၉–၅၁–၄၀၆၂၇။

အမည်ပြောင်း

တောင်ကြီးမြို့ အထက(၄) နဝမတန်း(စ)မှ ဦးထွန်းဝေ၏သားဖြစ်သူ မောင်ချိန်ချိန်အား ယနေ့မှစ၍ မောင်ဖြိုးဇင်မောင်မောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဖြိုးဇင်မောင်မောင်။**

ဖခင်အမည်မှန်

တောင်ကြီးမြို့ အထက(၅) အဋ္ဌမတန်း(A)မှ မောင်အောင်အောင်နှင့် သတ္တမတန်း(C)မှ မမေသဇင်၏ ဖခင်အမည်မှန်မှာ ဦးဟောင်မင်းပန်း ဖြစ်ပါကြောင်း။ **ဦးဟောင်မင်းပန်း။**

ဖခင်အမည်မှန်

တောင်ကြီးမြို့ အထက(၅) နဝမတန်း(စ)မှ မနိုင်နိုင်၏ဖခင် အမည်မှန်မှာ ဦးဗုမ်ချီဟုန် ဖြစ်ပါကြောင်း။ **ဦးဗုမ်ချီဟုန်။**

တိုက်ခန်းရောင်းမည်

- ရွှေသရဖီရိပ်မွန် (ဘုရင့်နောင်)
- ၄ လွှာ၊ ၁၆၀၀ (စ–ပေ) 1MR , 2BR ပါကေး ၁၀၀ % 2AC, Ph. Ground Floor ကားပါကင်
- အပေါ်ထပ် Slap ၁၆၀၀ (စ–ပေ) အမိုးမိုးပြီး
- ၅၉၀ L

စုံစမ်းရန်– ဖုန်း–၅၁၁၃၇၃။

အမွေပြတ်ကြော်ငြာ

တောင်ငူမြို့ အမှတ် ၁၄/၁၅၁ မြစည်းခုံဘုရားလမ်းနေ (ဦးယု–ဒေါ်လုံးတင်)တို့၏ ဒုတိယသမီး ဒေါ်စမ်းတင့်မိုး(ခ)ဒေါ်မိုး ၇/တငန(နိုင်)၀၃၀၉၈၇သည် မောင်နှမသားချင်းများနှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့၍ ၂၆–၄–၂၀၀၇ရက်တွင် ၎င်းပိုင်ဆိုင်သမျှ အမွေခွဲဝေယူပြီး ဖြစ်ပါသဖြင့် နောက်နောင်၎င်းနှင့် ကျန်မိသားစုဝင်များ မည်သို့မျှ သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း။ **ဒေါ်စမ်းမြင့်နှင့် ညီအစ်မတစ်စု(တောင်ငူမြို့)။**

ဒဂ္ဂါရီ

အထူးဆံပင်ဖြောင့်ဆိုင်

(၂–နှစ် အာမခံ)

- ဆံပင်ဖြောင့် - 10000Ks
- စက်ပြန်ဆွဲရန်မလိုပါ။
- ဖယောင်းထည့်သွင်း အသုံးပြုခြင်းကြောင့် 100%ဖြောင့်စင်းပျော့အိ စေပါသည်။
- အမှတ်(၁၁၄၊ ၁၁၆) မြေညီ၊ ၄၆ လမ်းအထက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
- ရွှေတိဂုံဘုရားလမ်းနှင့် ဦးဝိစာရလမ်းထောင့်၊ အုတ်နန်းဖြူအတွင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် တခလ/၁၂၄၇ ယာဉ်အမျိုးအစား ဟွန်ဒါဝေ့ဗ် ယာဉ်လက်ဝယ်ရှိသူ နန်းခမ်းအီ မှတ်ပုံတင်အမှတ်၁၃/ကတန (နိုင်) ၀၅၆၅၄၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်မြို့)။**

ရောက်ရာအရပ်မှ အမြန်ပြန်လာရန်

ပိုမှူး(ခ)မသီတာဦး ၆–၁၀–၂၀၀၆ရက်ကစ၍ နေအိမ်မှဆင်းသွားသည်မှာ ယနေ့အထိတိုင် အဆက်အသွယ် မရပါ။ အပြစ်အားလုံး ခွင့်လွှတ်သည်။ ရောက်ရာအရပ်မှ အမြန်ပြန် လာပါ။ **အစ်ကိုနှင့်မိသားစု၊ ပင်စင်ရွာ၊ တောင်ကြီးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၂၂၃၈ Honda C90 Custom cmp ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်ဦး မှတ်ပုံတင်အမှတ် ၉/ရမက (နိုင်) ၀၈၆၅၁၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(လားရှိုး)။**

ဒီနေ့မှာပညာရေး၊စီးပွားပါရှာချင်သူတွေအတွက်
လက်တွေ့လေ့ကျင့်မှုများစွာဖြင့်တကယ်တတ်ကျွမ်းအောင်သင်ကြားပေးနေသော "Best Training Centre"
ဆေးဝါးသင်တန်း ၊ သူနာပြုအကူသင်တန်း

မိသားစုကျန်းမာရေးလဲ စောင့်ရှောက်နိုင်မယ်၊ ကိုယ်ပိုင်စီးပွားရေးအဖြစ်ဆေးဆိုင်ဖွင့်လို့ရမယ်၊ ပြည်ပမှာလုပ်မယ်ဆိုလဲအဆင်ပြေတယ်၊ ဘာသာရပ်တိုင်းကို ပြည်တွင်းပြည်ပ အတွေ့အကြုံရှိ ပညာရှင်တွေပဲ ဦးစီးသင်ကြားတယ်၊ ခေတ်မီဆေးဝါးကိရိယာတွေလဲ ကိုင်တွယ်အသုံးပြုတတ်မယ်၊ လက်တွေ့လေ့ကျင့်မှုက အထပ်ထပ်အပြင် ပြင်ပကွင်းဆင်းလေ့လာရေးလဲပါတယ်၊ သင်တန်းဆင်း လက်မှတ်လဲပေးတယ်၊ သင်တန်းပြီးသွားရင်လဲလိုအပ်တဲ့အကူအညီ အားလုံးအတွက် အခမဲ့ ဝန်ဆောင်မှုပေးတယ်၊ ဒါတွေ အားလုံးပြည့်စုံရာ "Best Centre"မှာပါ။ ရှေ့တန်းခွဲနေရာမရသူများအတွက် မေ(၅)ရက် တန်းခွဲသစ်စမည်။

ရန်ကုန်ရုံးချုပ် အမှတ် (၅)၊ စတုတ္ထထပ်(အယ်ခန်း)၊ ၁၄၆-လမ်း၊ တာမွေ၊ (သီတာလမ်းမှတ်တိုင်) (ဖုန်း- ၂၉၉၁၈၅) ၀၉ ၅၁ ၃၄၉၇၄၊ ပဲခူးရုံးချုပ် (၃)ထပ်ဈေး၊ အပေါ်ဆုံးထပ်(ပဲခူးမြို့မဈေးကြီး)၊ ၀၅၂-၂၂၆၃၅၊ ၀၁-၂၉၉၁၈၅၊ ၀၉-၅၁-၃၄၉၇၄ (အရစ်ကျငွေသွင်းစနစ်)

ကဆုန်လပြည့်(ဗုဒ္ဓနေ့) ရှင်တော်မြတ်ဘုရားအား ရည်စူး ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ပွဲ ခြိမ့်ခြိမ့်သဲသဲ ကျင်းပ

ဗုဒ္ဓဘာသာဝင်များ တရားဘာဝနာ ပွားများအားထုတ်

ရန်ကုန် မေ ၁၀

ယနေ့သည် ကဆုန်လပြည့်(ဗုဒ္ဓအခါတော်နေ့)ဖြစ်သည်။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဗုဒ္ဓဆုထူးကို ပန်ဆင်သည့် နိယတဗျာဒိတ်တော်ခံယူသော၊ အမိ ဝမ်းကြာတိုက်မှဖွားတော်မူသော သုံးလူ့ထွတ်ထား သမ္မာသမ္ဗုဒ္ဓ ဘုရားစင်စစ် ဖြစ်တော်မူသော၊ ခန္ဓာဇာတ်သိမ်း ကင်းငြိမ်းအမှန်ခန္ဓပရိနိဗ္ဗာန်ဝင် စံတော်မူသော နေ့ထူးနေ့မြတ်ကြီးဖြစ်သကဲ့သို့ မြတ်ဗုဒ္ဓ၏ သဗ္ဗညုတ ရွှေဉာဏ်တော်ရတော်မူရာ မဟာဗောဓိပင်(ဖွားဖက်တော်)ပေါက်ရောက်တော်မူသော နေ့ထူးနေ့မြတ်ကြီးလည်းဖြစ်သည်။

အထူးစည်ကား

ထို့ကြောင့် ယနေ့တွင် ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓရှင်တော်မြတ်ဘုရားအားရည်စူး၍ ဗုဒ္ဓဝင် ရှေးထုံးနှင့်အညီ ဗုဒ္ဓါဘိသေက မင်္ဂလာ အနေကဇာတင်ပွဲနှင့် မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ပွဲတို့ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပကြ စမြဲဖြစ်သည် နှင့်အညီ ရန်ကုန်မြို့တစ်ဝန်းလုံး၌ ဗုဒ္ဓအခါတော်နေ့ ကုသိုလ်ပုညဆည်းပူးကြသူ ရဟန်းရှင်လူများဖြင့် အထူးစည်ကား များပြား လျက်ရှိသည်ကို တွေ့ရှိရသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၆၉ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓအခါတော်နေ့) (၂၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင်တော် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများက မဟာဗောဓိညောင်ပင်တွင် သီတင်းသုံးတော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မဟာဗောဓိညောင်ပင်တို့အား ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ရွတ်ဆိုပူဇော်

ထိုအချိန်တွင် ဥပါသကာ တစ်ဦးက "ဥဒ္ဒိဿိယ ဓိနံ ဗုဒ္ဓံ"

စာမျက်နှာ ၉ ကော်လံ ၁ ✻

ကဆုန်လပြည့်နေ့က ရွှေတိဂုံစေတီတော်ရင်ပြင်တော်တွင် ကုသိုလ်ယူသူများဖြင့် ဤသို့ စည်ကား များပြားလှသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကဆုန်လပြည့်နေ့က ဗဟန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူး၍ ရေတာရှည်ရပ်ကွက်နှင့် အနောက်ရွှေဂုံတိုင်ရပ်ကွက်တို့၏ ညောင်ရေသွန်းလောင်းပွဲကို ဆုတောင်းပြည့်ဘုရားငါးဆူ မဟာဗောဓိညောင်ပင်၌ ဤသို့သွန်းလောင်းခဲ့ကြသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး ✻ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး
စီးပွားရေး ဦးတည်ချက် (၄)ရပ်	✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး
လူမှုရေး ဦးတည်ချက် (၄)ရပ်	✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

သွန်းမြဲညောင်ရေ ကဆုန်နွေ

မြတ်ဗုဒ္ဓနှင့်ပတ်သက်နေသော ဗောဓိညောင်ပင်သည် ဗုဒ္ဓဘာသာဝင် မြန်မာများအဖို့ အလေးအနက် ကြည်ညို လေးစားဖွယ်ရာ ဖြစ်လာသည်။ သာသနာတော်ကို ရိုသေ လေးစားသော မြန်မာတို့သည် ရာသီဥတုအရလည်း ဆီလျော်သော ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲတော် ကျင်းပကြသည်ဟု ယူဆရပါသည်။

သာရဝေါ စိုးကြည်၏ ဆောင်းပါးကို (စာ - ၄)တွင် ဖတ်ရှုနိုင်ပါသည်။

ကဆုန်လပြည့်နေ့က ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်ရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ကုသိုလ်ယူနေကြသော ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးပြည်သူများကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ထူးခြားသော အပူချိန် ၃၀-၄-၂၀၀၇

နေပြည်တော်	၁၀၄	ဒီဂရီဖာရင်ဟိုက်	ချောက်	၁၀၉	ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	၁၀၄	ဒီဂရီဖာရင်ဟိုက်	မင်းဘူး	၁၀၆	ဒီဂရီဖာရင်ဟိုက်
မန္တလေး	၁၀၀	ဒီဂရီဖာရင်ဟိုက်	ရွှေကျင်	၁၀၆	ဒီဂရီဖာရင်ဟိုက်